ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 5 May 2025 ၁၁၈၀၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်ကြီးဌာနများမှ ယာယီရုံးခန်းများနှင့် ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနများမှ ယာယီရုံးခန်းများကို Modular House များဖြင့် တည်ဆောက်ထားရှိမှု၊ ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်လျက်ရှိသည့် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အဆိုပါရုံးအတွင်း Modular House များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယနေ့ ဖတ်စရာ

**အပြန်အလှန်ဖေးမကူညီကြသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှု၊ အားလုံးပါဝင်မှု၏စာမျက်နှာသစ်**

ဆောင်းပါး စာမျက်နှာ » ၆

**ဩစတြေးလျ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်ဦးဆောင်သည့် အလုပ်သမားပါတီ အနိုင်ရ**

စာမျက်နှာ » ၁၃

ကြေးမုံ

# သဘာဝအရင်းအမြစ်များကို အသုံးချ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားမြင့်မားရေးအတွက် အခြေခံကျသောမဏ္ဍိုင်သည် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည်။ လျှပ်စစ်စွမ်းအင်သည် စီးပွားရေးဖွံ့ဖြိုး၍ ခေတ်နှင့်အညီ တိုးတက်နေသော ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်စေရန် အာမခံချက်ပေးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ လူတစ်ဦးချင်း ပျမ်းမျှလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုပမာဏသည် စီးပွားရေးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို ခန့်မှန်းနိုင်သည့် အချက်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝလှသဖြင့် လျှပ်စစ်ဓာတ်အားကို လုံလောက်အောင် ထုတ်လုပ်နိုင်သောနိုင်ငံဖြစ်သည်။ သို့သော် လက်ရှိတွင်မူ လျှပ်စစ်ဓာတ်အားလုံလောက်အောင် ထုတ်လုပ်နိုင်မှုမရှိသေးပေ။ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသည့် အဓိကအကြောင်းရင်းအချက်နှစ်ချက်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏနည်းပါးသဖြင့် လိုအပ်မှုကို မဖြည့်စွမ်းနိုင်သေးခြင်းနှင့် လက်ရှိဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးခြင်းလုပ်ငန်းသည် ဓာတ်အားတင်ပို့ရေးအတွက် မဖြည့်စွမ်းနိုင်ခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များ များစွာရှိသဖြင့် တည်ဆောက်ထားသော ရေအားလျှပ်စစ်စက်ရုံများမှ တစ်ပြည်လုံးအတွက် လျှပ်စစ်ဓာတ်အားကို အများဆုံး ဖြန့်ဖြူးပေးလျက်ရှိသည်။ ဒုတိယအနေဖြင့် သဘာဝဓာတ်ငွေ့သုံးစက်ရုံများမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် ကျောက်မီးသွေးနှင့် အခြားဓာတ်အားပေးလုပ်ငန်းများအနည်းငယ်ရှိသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် လူတစ်ဦးချင်းအတွက် နှစ်စဉ်ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်ပမာဏမြင့်မားနေပြီး မြန်မာနိုင်ငံအပါအဝင် မဖွံ့ဖြိုးသေးသည့်နိုင်ငံများတွင် လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားကီလိုဝပ်ပမာဏ သုံးစွဲနိုင်မှုနည်းပါးနေသည်ကို တွေ့မြင်နိုင်သည်။

တစ်ကမ္ဘာလုံးရှိ နိုင်ငံတိုင်းသည် ရေသယံဇာတကြွယ်ဝသောနေရာများတွင် ရေအားလျှပ်စစ်စီမံကိန်းကို ဦးစားပေးတည်ဆောက်ထားကြသည်။ သို့မှသာ အခြားသော ကျောက်မီးသွေး၊ ရေနံစသည့် သဘာဝစွမ်းအင်များကို ချွေတာနိုင်မည်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်သည်။ မီးအားလျှပ်စစ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း လျှော့ချနိုင်မည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးသည် ရေအားလျှပ်စစ်အပါအဝင် လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုးတို့ကို ဦးစားပေးအသုံးပြုထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သဖြင့် တည်ဆောက်ထားပြီးဖြစ်သော ရေအားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများကို ပြန်လည်ပြင်ဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သဘာဝဓာတ်အားပေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်သုံး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးချဲ့တည်ဆောက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နေရောင်ခြည်သုံးသဘာဝစွမ်းအင်လုပ်ငန်းများကို အစောပိုင်းကာလများကတည်းက အသေးစား၊ အလတ်စား၊ အကြီးစားစသည်ဖြင့် တည်ဆောက်ထုတ်လုပ်အသုံးပြုလျက်ရှိရာ ယခုအခါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအပိုင်းတွင် များစွာအထောက်အကူပြုနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ လူတစ်ဦးချင်းတစ်ပိုင်တစ်နိုင်မှသည် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများအထိ ပိုမိုကျယ်ပြန့်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ အင်အားပြင်းထန်သော မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီးဆုံးရှုံးမှုများတွင် လျှပ်စစ်ဓာတ်အားပေးရေး စက်ရုံအမျိုးမျိုးတို့သည်လည်း ထိခိုက်ပျက်စီးခဲ့သည်။ ထို့အပြင် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံအချို့မှာလည်း အကြမ်းဖက်သမားများလက်ချက်ကြောင့် ပျက်စီးမှုများနှင့် ကြုံခဲ့ရသည်။ အဆိုပါပျက်စီးခဲ့သည့် လျှပ်စစ်အဆောက်အအုံများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက စွန့်စွန့်စားစား ကြိုးပမ်းပြင်ဆင်ပေးလျက်ရှိသည်။

ဥပမာအားဖြင့် သာစည်မြို့နယ်ရှိ သာစည် ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၊ သပြေဝ ၃၀ မဂ္ဂါဝပ်၊ သပြေဝ-၃ (၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သပြေဝ-၃(၃၀)မဂ္ဂါဝပ်နှင့် သပြေဝ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှာ ထိခိုက်ပျက်စီးမှုများနှင့် ကြုံခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းလျက်ရှိရာ ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ပြန်လည်ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြန်လည်ထုတ်လုပ်နိုင်၍ အမျိုးသားဓာတ်အားကွန်ရက်အတွင်းသို့ ပို့လွှတ်လျက်ရှိပြီး လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် (၆)ခုတို့တွင် ဧပြီ ၄ ရက်အထိ သေဆုံးသူ ၃၇၈၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၉၂ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီးအဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၉ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

**ထောက်ပံ့**

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၃ ရက် ညနေ ၅ နာရီမှ မေ ၄ ရက်ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shan Buddha's Light International Association Yayasan Sin Crew အဖွဲ့အစည်းများက မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့်ဒေသများသို့ လှူဒါန်းသည့် အသင့်စားချက်ပြုတ်ပြီး ထမင်းဘူးနှင့် တာပေါ်လင်များပါဝင်သော ကတ်ထူပုံး တန်ချိန် ၃ ဒသမ ၅၁၈ တန် ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ် အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာဖရိကဝက် အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်း မရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၄ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၆၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ရုံးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် Server Room များကို လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးချုပ်က Server များ၊ ကွန်ပျူတာများအနေဖြင့် ယာယီအဆောက်အအုံအတွင်း စနစ်တကျထားရှိ ဆောင်ရွက်ရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း လိုက်ပါလျက် ယာယီရုံးခန်းများ တည်ဆောက်နေမှုနှင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများတည်ဆောက်ရန် မြေနေရာများ ရွေးချယ်သတ်မှတ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မေလမကုန်မီ ယာယီရုံးခန်းများ ဖွင့်လှစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာသို့ ရောက်ရှိကြပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ယာယီအိမ်ရာများ အကွက်ချပုံစံ၊ ယာယီရုံးအဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာရွေးချယ် သတ်မှတ်ထားမှု၊ ယာယီဝန်ထမ်းအိမ်ရာအတွင်းသောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် အိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ နေရာတွင် ယာယီဝန်ထမ်းအိမ်ရာ ၇၅ လုံး တည်ဆောက် သွားမည်ဖြစ်ပြီး (ပေ ၄၀ x ၂၂ ပေ)နှစ်ခန်းတွဲ ၁၀ လုံးနှင့် (ပေ ၂၀ x ၂၂ ပေ)နှစ်ခန်းတွဲ ခုနစ်လုံး တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့်အိမ်ရာများကိုလည်း အမြန်ဆုံးဆက်လက်တည်ဆောက် လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ရုံးအနီးရှိ မြေ ၂၂ ဧကအတွင်း ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်ထားရှိမှု၊ Modular House ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်သတ်မှတ်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများနေထိုင်လျက်ရှိသည့် အခြေအနေ၊ ဝန်ထမ်းအိမ်ရာများ ထပ်မံတည်ဆောက်နေမှုတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ စာမျက်နှာ ၄ သို့ »»



အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီရုံးခန်းများ တည်ဆောက်နေမှုနှင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများ တည်ဆောက်ရန် မြေနေရာများ ရွေးချယ်သတ်မှတ်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ Modular House များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

အဆိုပါ ယာယီဝန်ထမ်းအိမ်ရာတွင် ၄၅ ပေ x ၂၄ ပေ (၁၀)ခန်းတွဲ ဘားတိုက် နှစ်လုံး၊ ၃၆ ပေ x ၁၅ပေ သုံးခန်းတွဲ ၁၇ လုံးနှင့် ၂၄ ပေ x ၁၅ ပေ နှစ်ခန်းတွဲ တစ်လုံး တည်ဆောက် ပြီးစီးပြီဖြစ်၍ ဝန်ထမ်းအိမ်ထောင်စုအချို့ နေထိုင်လျက်ရှိပြီး တည်ဆောက်ဆဲ ယာယီအိမ်ခန်းများ ပြီးစီးသည်နှင့်အမျှ ဝန်ထမ်းမိသားစုများ ဆက်လက်နေရာချထားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအနီးရှိ ယာယီဝန်ထမ်းအိမ်ရာသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်း အိမ်ရာများနှင့် ဆောက်လုပ်ဆဲ ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှု၊ ယာယီဘာရာများတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားပေးမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ယာယီရုံးများ ဖွင့်လှစ်ထားရှိပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ရုံးပင်မ အဆောက်အအုံနှင့် တိုးချဲ့အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွမ်းကျင်ပညာရှင်များ စစ်ဆေးပြီးသည့် ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနီရောင် အဆင့် သတ်မှတ်ထားသည့် ကံ့ကော်အိမ်ရာ တိုက်အမှတ်(၉)၌ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ကျွမ်းကျင်ပညာရှင်များက အဆောက်အအုံ ကြံ့ခိုင်ရေးတိုင်းတာသည့် စက်ကိရိယာငါးမျိုးဖြင့် အဆောက်အအုံ ကြံ့ခိုင်မှုအား စစ်ဆေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြုပြင် တည်ဆောက်ရမည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သပြေ(၂)အဆောင်(၅)အပျိုဆောင်နှင့် သပြေ(၄) အဆောင်(၈) လူပျိုဆောင်တို့တွင် ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့် နံရံများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသော ဘိလပ်မြေ အခြေခံဘက်စုံသုံးဆေးမှုန့်(SikaGrout)နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့် နေရာများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ အနီရောင် အဆင့် သတ်မှတ်ထားသည့် သဇင်(၅) အဆောင်(၁၈) လူပျိုဆောင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အဆောင်များ ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးများ ဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ စနစ်တကျ ဖယ်ရှားရှင်းလင်းထားရှိမှု၊ လိုဏ်တော်အတွင်း ထိခိုက်ခဲ့သည့် နေရာများအား ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားကာ လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရင်ပြင်တော်အားပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် နေပူခံကျောက်ပြားများ စနစ်တကျ ဖယ်ရှားရှင်းလင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအနီးရှိ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရုံးအဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ရှင်းလင်းတင်ပြစဉ်။





# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အဖျောက် သဘာဝဓာတ်ငွေ့မြေ၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများသို့ သွားရောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စပါးကြီးစမ်း-နတ်စင်ကုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးအတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများနှင့်အတူ အဖျောက် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အဖျောက် သဘာဝဓာတ်ငွေ့မြေ၏ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည့်အခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများအား ပြန်လည်လေ့လာ တွက်ချက်သုတေသနပြုလုပ်၍ စမ်းသပ်ထုတ်လုပ်ခဲ့ရာမှ သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အခြားသောရေနံနှင့်သဘာဝဓာတ်ငွေ့မြေများတွင်လည်း ယခုကဲ့သို့ရလဒ်ကောင်းများရရှိအောင် ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အထွက်နှုန်းကျဆင်းနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရေနံမြေဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဖျောက်သဘာဝဓာတ်ငွေ့မြေတွင် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် တွင်းအမှတ် (၅၆) ၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မအူပင် (တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက မအူပင် (တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်နိုင်ခဲ့မှုနှင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ တွင်းသစ်တူးဖော်နိုင်ရေး စီမံဆောင်ရွက်ထားမှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်က ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းသည် အရင်းအနှီးကြီးမားပြီး စွန့်စားရမှုလည်း မြင့်မားပါကြောင်း၊ အနာဂတ်ကာလများတွင် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်သည် မလွဲမသွေ မြင့်တက်လာမည်ဖြစ်၍ တိုးမြင့်လာမည့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ကြိုတင်မျှော်မှန်း၍ ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေး နှစ်အလိုက် အကောင်အထည်ဖော်မည့်အစီအမံများ ပြုလုပ်၍ ဆောင်ရွက်ကြရန် လိုကြောင်း၊ သက်တမ်းရင့်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများရှိ တွင်းဟောင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်သလို တွင်းသစ်များတူးဖော်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်ခြင်းများကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရေနံမြေဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် (၁၀) နှင့် (၁၃) တို့အား သွားရောက်၍ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ စပါးကြီးစမ်း-နတ်စင်ကုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရေး အတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်က တိုင်းတာရရှိလာသည့် ဆိုက်စမစ် အချက်အလက်များကို Processing၊ Interpretation လုပ်ငန်းများ မြန်ဆန်စွာပြုလုပ်ရန်နှင့် အလားအလာကောင်းသည့် နေရာများတွင် တွင်းသစ်များ တူးဖော်နိုင်ရေး စီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် စပါးကြီးစမ်း-နတ်စင်ကုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရေး အတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာနေမှု အခြေအနေ၊ တိုင်းတာရရှိသော အချက်အလက်များကို မှတ်တမ်းရယူနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြန်အလှန်ဖေးမကူညီကြသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှု၊ အားလုံးပါဝင်မှု၏စာမျက်နှာသစ်

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ရာစုနှစ်တစ်ခုနီးပါးအတွင်း မကြုံစဖူးဖြစ်ပွားခဲ့သော ငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့သည်။ ထိုအချိန်တွင် ကျွန်မသည် ပေကျင်းရောက်နေသည့်အတွက် ငလျင်သတင်းကိုကြားသိရချိန် လွန်စွာစိုးရိမ်ပူပန်နေပြီး ဒုတိယနေ့တွင်ပင် တရုတ်ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံသို့ပြန်လာခဲ့ပြီး ငလျင်ကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ခဲ့သည်။ ထို့နောက် ကျွန်မသည် ကယ်ဆယ်ရေး၊ ထောက်ပံ့ပစ္စည်းများ၊ ဆေးဝါးကုသရေး၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို သိရှိရန်အတွက် ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ပါသည်။ လမ်းမကြီးသည် ကွဲအက်ပြီး အက်ကြောင်းကြီးများအဖြစ် လည်းကောင်း၊ အိမ်များပြိုကျပျက်စီးပြီး အုတ်ကျိုးများအဖြစ် လည်းကောင်း၊ မျက်စိတစ်မှိတ်အတွင်း အိမ်များ၊ ကျောင်းဝင်းများနှင့် ပန်းခြံများ ယိုယွင်းပျက်စီးသွားသည်။ ပြင်းထန်သော ကပ်ဘေးသည် ကျွန်မနှင့် တရုတ်သံရုံးရှိ ကျွန်မ၏လုပ်ဖော်ကိုင်ဖက်များ၊ တရုတ်ပြည်သူပြည်သား ၁ ဒသမ ၄ ဘီလီယံတို့၏ စိတ်နှလုံးကို ထိခိုက်သွားစေသည်။ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကျွန်မတို့ စိတ်ရင်းမှန်ဖြင့် ဆုတောင်းပြီး တစ်ချိန်တည်းမှာပင် အရင်းအမြစ်များနှင့် နည်းလမ်းအားလုံးကိုအသုံးချကာ ငလျင်ဒဏ်သင့်ဒေသများကို ကူညီမှုနှင့် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

**သဘာဝဘေးအန္တရာယ်သည် အကြင်နာတရားကင်းမဲ့သော်လည်း ပြည်သူများက မေတ္တာတရားရှိခြင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံ သာအတူနာအတူနှင့် အပြန်အလှန်ဖေးမကူညီခြင်း၌ ထင်ဟပ်ပေါ်လွင်စေသည်။**

မြန်မာနိုင်ငံ၏ ခင်မင်ရင်းနှီးသော အိမ်နီးချင်းနှင့် ဆွေမျိုးပေါက်ဖော်အနေဖြင့် တရုတ်နိုင်ငံသည် ငလျင်လှုပ်ခတ်ပြီးနောက် ချက်ချင်းဆိုသလို ဖေးမကူညီသောလက်ကို ကမ်းလှမ်းခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်နှင့် ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့က မြန်မာနိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး ငလျင်ဒဏ်ကြောင့် သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်းနှင့် ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီများပေးရန် ဆန္ဒရှိကြောင်းနှင့် ထိခိုက်ခံစားရသည့် မြန်မာပြည်သူများ ဘေးဒဏ်အန္တရာယ် ကျော်လွှားနိုင်ရေးနှင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံကို အမြန်ဆုံး ပြန်လည်တည်ဆောက်ရေးအကူအညီများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ မတ် ၂၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေး၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု ယွမ် ၁ ဒသမ ၁ ဘီလီယံ ထောက်ပံ့ပေးသွားမည်ဟု ကြေညာလိုက်ပါသည်။ တရုတ်နိုင်ငံအစိုးရ ကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့နှင့် အရပ်ဘက်ကယ်ဆယ်ရေးအဖွဲ့ ၃၀ နီးပါးမှ အဖွဲ့ဝင်ပေါင်း ၆၀၀ ကျော်သည် ဒဏ်သင့်ဒေသများသို့ ညတွင်းချင်းသွားရောက်ကြပြီး အသက်ရှင်ကျန်ရစ်သူများကို မရပ်မနား ရှာဖွေကယ်တင်နိုင်ခဲ့ကြသည်။ တစ်ချိန်တည်း၌ပင် အရေးပေါ်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ငလျင်ကယ်ဆယ်ရေးပစ္စည်းကိုးကြိမ် ပို့ဆောင်ပေးခဲ့ကာ ရွက်ဖျင်တဲ ၃၉၄၀၊ စောင်အထည် ၁၀၀၀၀၊ ခြင်ထောင် ၄၀၀၀၀၊ တာပေါ်လင်အချပ် ၁၈၀၀၀၊ အရေးပေါ်ဆေးအိတ်ထုပ် ၅၅၀၀၀၊ ရေသန့်စင်စက် ၁၀၄၈ စုံ၊ အသင့်စားအစားအစာ ဖာ ၇၀၀၀၊ မီးဖိုချောင်သုံးပစ္စည်း အစုံ ၂၀၀၀၊ နေရောင်ခြည်စွမ်းအင်သုံး မီးလုံး ၁၀၀၀၀၊ နေ့စဉ်သုံးသန့်စင်ပစ္စည်းအစုံ ၄၀၀၀၀ အပြင် ကာလဝမ်းရောဂါကာကွယ်ဆေးတောင့် ၆၄၈၀၀၀ နှင့် မေးခိုင်ကာကွယ်ထိုးဆေး ၆၈၀၀၀၊ ဆေးဝါးဘူးပေါင်း ၃ ဒသမ ၁၁၇ သန်းနှင့် ဆေးဘက်သုံးပစ္စည်းနှင့် စက်ကိရိယာ ၁၆၃၀၀၀ စသည်တို့ပါဝင်ပါသည်။

တရုတ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများသည် ကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ငလျင်ဘေးသင့်ဒေသများတွင်ဆေးဝါးကုသမှုနှင့်ကပ်ရောဂါကာကွယ်ထိန်းချုပ်မှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေ စုံစမ်းစစ်ဆေးရေးနှင့် အကဲဖြတ်ရေးကျွမ်းကျင်ပညာရှင်အဖွဲ့များက ဘေးသင့်ဒေသများသို့ သွားရောက်၍ ၎င်းတို့သက်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

တရုတ်ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အလွှာပေါင်းစုံမှ ပြည်သူများက ငွေကြေးနှင့်ပစ္စည်းများကို စိတ်အားထက်သန်စွာလှူဒါန်းကြပြီး စေတနာအလျောက်ဝန်ဆောင်မှုများ ပေးနေကြသည်။ တရုတ်မီဒီယာများက ငလျင်ဘေးသင့်ဒေသများသို့ သွားရောက်ပြီး မြေပြင်အခြေအနေသတင်းများ တင်ဆက်ကာ ငလျင်ဘေးကယ်ဆယ်ရေးတွင် ဘက်အသီးသီးအားလုံးပူးပေါင်းပါဝင်ရန် တိုက်တွန်းခဲ့ကြသည်။ တရုတ်နိုင်ငံသည် ပထမဆုံးအကူအညီပေးရန် ကြေညာသော၊ ပထမဆုံးကယ်ဆယ်ရေးအဖွဲ့စေလွှတ်သော၊ ပထမဆုံးယာယီအခြေချစခန်းတည်ဆောက်သော နိုင်ငံဖြစ်သည့်အပြင် ကယ်ဆယ်ရေးအဖွဲ့နှင့် လူအင်အားအများဆုံးစေလွှတ်သော၊ အသက်ရှင်ကျန်ရစ်သူအများဆုံးကို ကယ်တင်နိုင်သော၊ ထောက်ပံ့ကူညီမှု အများဆုံးပေးအပ်ခဲ့သော နိုင်ငံလည်း ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်သည် အကြင်နာတရားကင်းမဲ့သော်လည်း ပြည်သူများက မေတ္တာတရားရှိခြင်းသည် မြန်မာပြည်သူများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ကြံ့ခိုင်ခြင်းကို ထင်ဟပ်ပေါ်လွင်စေသည်။**

ငလျင်လှုပ်ခတ်ခဲ့ပြီး တစ်လကျော်သွားချိန်တွင် ထိခိုက်ဒဏ်ရာရသူများအတွက်ကတော့ နာကျင်မှုကို ဆက်လက်ခံစားနေကြရသော်လည်း မြန်မာလူမျိုးများ၏ ရဲစွမ်းသတ္တိ၊ အကောင်းမြင်စိတ်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှုများက အနာဂတ်အတွက် မျှော်လင့်ချက်များ ထွန်းညှိပေးပြီး လူသားများ၏ ထက်မြက်မှုကလည်း ကျွန်မတို့အားလုံး၏ နှလုံးသားကို ကျေနပ်ပီတိဖြစ်စေခဲ့ပါသည်။ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများသည် ဝမ်းနည်းပူဆွေးမှုများနှင့် ပြည့်နှက်နေသော်လည်း အပြန်အလှန် ကူညီကယ်ဆယ်ရေးကို တက်ကြွစွာကြိုးစားနေကြဆဲဖြစ်သည်။

ဆရာ၊ ဆရာမများသည် မိမိလုံခြုံရေးကို အရေးမထားဘဲ အန္တရာယ်ရှိသောနေရာသို့ ပြန်သွားပြီး ကျောင်းသားများကို စည်းရုံးကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပရဟိတအဖွဲ့အစည်းများနှင့် အလွှာပေါင်းစုံမှ ပြည်သူများက အမြန်ဆုံးလှုပ်ရှားကြကာ အလှူရှင်များက အလှူငွေထည့်ခြင်းဖြင့်၊ ခွန်အားရှိသူများက လူအင်အားဖြင့် ဝိုင်းဝန်းကူညီခဲ့ကြပါသည်။ ဒေသခံပြည်သူများက အအေး၊ ဖရဲသီးနှင့် အစားအစာများကို နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့ဝင်များထံ ယူဆောင်လာပြီး အပူဒဏ်သက်သာစေရန်နှင့် ခြင်ကိုက်ဒဏ်ကာကွယ်ရန်အတွက် သနပ်ခါးများကို လိမ်းပေးခဲ့သည်။ အဆိုပါမြင်ကွင်းများသည် မြန်မာလူမျိုးများ၏ ရဲရင့်မှု၊ စိတ်သဘောထားကောင်းမှုနှင့် စည်းလုံးမှုကို ပြသနေပါသည်။ စိတ်ဓာတ်ကြံ့ခိုင်မှုရှိသော မြန်မာလူမျိုးများသည် အတိုဆုံးအချိန်အတွင်း မိမိတို့၏နေရပ်ဌာနများကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ပြီး ရွှေမြန်မာပြည်သည် ပို၍ပင်ကြီးကျယ်ခမ်းနား၊ ထွန်းလင်းတောက်ပသွားမည်မှာ ဧကန်မုချဖြစ်ကြောင်းကို ကျွန်မအကြွင်းမဲ့ယုံကြည်ပါသည်။

**သဘာဝဘေးအန္တရာယ်သည် အကြင်နာတရားကင်းမဲ့သော်လည်း ပြည်သူများက မေတ္တာတရားရှိခြင်းသည် တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်ရေး လက်တွေ့ဖော်ဆောင်မှုတွင် ထင်ဟပ်ပေါ်လွင်စေသည်။**

တရုတ်-မြန်မာ ချစ်ကြည်ရေးသည် နှစ်ပေါင်း ၂၀၀၀ ကျော် တည်တံ့ခိုင်မြဲခဲ့သည်။ သမိုင်းတွင် မကြာခဏ ဖလှယ်မှုများမှသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အတူတကွအဆိုပြုခဲ့ခြင်းနှင့် တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ခြင်းအထိ ခင်မင်ရင်းနှီးမှုကို ထာဝစဉ် လက်ဆင့်ကမ်းသွားရုံသာမက ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှု၊ အားလုံးပါဝင်မှုဟူသော သဘောတရားကိုလည်း ဖော်ဆောင်နေပါသည်။

စာမျက်နှာ ၇ သို့ ☆

❖ **သဘာဝဘေးအန္တရာယ်သည် အကြင်နာတရားကင်းမဲ့သော်လည်း ပြည်သူများက မေတ္တာတရားရှိခြင်းသည် မြန်မာပြည်သူများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ကြံ့ခိုင်ခြင်းကို ထင်ဟပ်ပေါ်လွင်**

❖ **ငလျင်လှုပ်ခတ်ခဲ့ပြီး တစ်လကျော်သွားချိန်တွင် ထိခိုက်ဒဏ်ရာရသူများအတွက်ကတော့ နာကျင်မှုကို ဆက်လက် ခံစားနေကြရသော်လည်း မြန်မာလူမျိုးများ၏ ရဲစွမ်းသတ္တိ၊ အကောင်းမြင်စိတ်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှုများက အနာဂတ်အတွက် မျှော်လင့်ချက်များ ထွန်းညှိပေးပြီး လူသားများ၏ ထက်မြက်မှုကလည်း ကျွန်မတို့အားလုံး၏ နှလုံးသားကို ကျေနပ်ပီတိဖြစ်စေခဲ့ပါသည်။ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများသည် ဝမ်းနည်းပူဆွေးမှုများနှင့် ပြည့်နှက်နေသော်လည်း အပြန်အလှန်ကူညီကယ်ဆယ်ရေးကို တက်ကြွစွာကြိုးစားနေကြဆဲ**

☆ စာမျက်နှာ ၆ မှ

**သွေးချင်းသားချင်းလိုချစ်ခင်ရင်းနှီးခြင်း။** တရုတ်-မြန်မာနှစ်နိုင်ငံသည် ပထဝီဝင်အနေအထားအရ နီးကပ်ခြင်း၊ ယဉ်ကျေးမှုအရ တူညီကြခြင်း၊ ဘုရား၊ တရားကံကြမ္မာအရ သွယ်ဆက်နေကြသည်။ ဧရာဝတီမြစ်သည် တရုတ်နိုင်ငံမှ မြစ်ဖျားခံပြီး နှစ်နိုင်ငံပြည်သူများသည် တစ်မြစ်တွင်းရေ အတူသောက်သုံးကြကာ ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြပါသည်။ မြန်မာပြည်သူများသည် မြန်မာဘာသာစကားတွင် သွေးချင်းညီအစ်ကိုဟုအဓိပ္ပာယ်ရသော“ပေါက်ဖော်” ဟူသောစကားလုံးဖြင့် တရုတ်ပြည်သူများကို ရည်ညွှန်းပြီး ခေါ်တွင်ကြသည်။ လက်ရှိခေတ်ကာလတွင် နှစ်နိုင်ငံသည် ကိုလိုနီစနစ်(Colonialism) နှင့် နယ်ချဲ့ဝါဒ(Imperialism) ကို တော်လှန်ရန် လက်တွဲခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကွဲပြားခြားနားသော လူမှုရေးစနစ်ရှိသည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်းလိုင်းနှင့် မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုတို့ ကိုယ်စားပြုသည့် နှစ်နိုင်ငံ မျိုးဆက်ဟောင်းခေါင်းဆောင်များ မကြာခဏလာရောက်ကြသည့် တရားဝင်ခရီးစဉ်များသည် နှစ်နိုင်ငံကြား အပြန်အလှန်ဖလှယ်မှုသမိုင်းတွင် ချီးမွမ်းခံရသော အမှတ်ရမှုများဖြစ်လာခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ အိမ်နီးချင်းနိုင်ငံများအကြား အပြန်အလှန်ဖလှယ်မှုတွင်လည်း ကောင်းချီးရွှေခွန်းခေါ်ခံခဲ့ရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ်အဖြစ် လာရောက်ခဲ့ခြင်းမှ တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း ပူးပေါင်းတည်ဆောက်မည့် ခေတ်သစ်ကို အစပြုပေးခဲ့သည်။

**နှလုံးသားဖြင့် ရိုးသားစွာဆက်ဆံခြင်း။** သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်အတွင်း တရုတ်-မြန်မာ နှစ်နိုင်ငံသည် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ပံ့ပိုးမှုများကို အစဉ်အမြဲထိန်းသိမ်းခဲ့ကြသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အတူတကွအဆိုပြုကာ ကျင့်သုံးခဲ့ကြပြီး နိုင်ငံကြီး၊ ငယ်မရွေး တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုစံနမူနာကို ထူထောင်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားပြီး မြန်မာနိုင်ငံ၏ ကိုယ်ပိုင်အခြေအနေနှင့် ကိုက်ညီသော ဖွံ့ဖြိုးရေးလမ်းကြောင်းကို ထောက်ခံသည်။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဘက်အသီးသီးများ၏ ဆန္ဒနှင့် တောင်းဆိုချက်များကိုအခြေခံ၍ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မြှင့်တင်ရာတွင် မြန်မာနိုင်ငံအား တက်ကြွစွာကူညီပေးခဲ့သည်။ မည်သည့်အခြေအနေပြောင်းလဲမှုမျိုးတွင်မဆို တရုတ်နိုင်ငံသည် မြန်မာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ကောင်းကျိုးသယ်ပိုးရေး စသည့်မူဝါဒသည် ထာဝစဉ် မပြောင်းလဲပါ။

**အပြန်အလှန် အကျိုးဖြစ်ထွန်းခြင်း။** တရုတ်-မြန်မာ “Belt and Road” နှင့် စီးပွားရေးစင်္ကြံ အတူတည်ဆောက်ခြင်းတွင် တိုင်ပင်ညှိနှိုင်းမှု၊ ပူးပေါင်းတည်ဆောက်မှုနှင့် အတူတကွမျှဝေမှုကို အမြဲအလေးထား ဆောင်ရွက်လျက်ရှိပြီး တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုနှင့် အောင်မြင်မှုကို ဖော်ဆောင်ရန်ရည်ရွယ်ပါသည်။ တရုတ်နိုင်ငံ၏ ကျယ်ပြန့်သော ဈေးကွက်သည် မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရန် အခွင့်အလမ်းများကို ဆက်လက်တိုးချဲ့ပေးလျက်ရှိပါသည်။ တရုတ်လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများတွင် တက်ကြွစွာ ရင်းနှီးမြှုပ်နှံလျက်ရှိပြီး မီးရထား၊ ဆိပ်ကမ်း၊ စက်မှုဇုန်များတည်ဆောက်ရေးတွင် ပါဝင်လျက်ရှိသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေသည် “သေးငယ်သော်လည်းကောင်းမွန်သည့်” စီမံကိန်း ၁၁၀ ကျော်ကို ပံ့ပိုးပေးခဲ့သည်။ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ အလုပ်အကိုင်ဖန်တီးမှု၊ ပြည်သူ့လူနေမှုဘဝမြှင့်တင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အထောက်အကူများဖြစ်စေခဲ့သည်။

**အားလုံးပါဝင်ခြင်းနှင့် အပြန်အလှန်လေ့လာသင်ယူခြင်း။** တရုတ်-မြန်မာ နှစ်နိုင်ငံသည် သမိုင်းကြောင်းရှည်ကြာပြီး မွန်မြတ်တောက်ပသော ယဉ်ကျေးမှုသမိုင်းကို ပိုင်ဆိုင်ထားကြကာ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် အပြန်အလှန် လေ့လာသင်ယူခြင်းမှာလည်း နှစ်ပေါင်းများစွာရှည်ကြာခဲ့ပြီဖြစ်သည်။ သမိုင်းကို ပြန်ကြည့်လျှင် ထန်မင်းဆက်ခေတ် (Tang Dynasty) က ပျူမြို့ပြနိုင်ငံများ၏ သဘင်ဖျော်ဖြေမှုများသည် ချန်အန်းမြို့တော် (Changan) တွင် လူကြိုက်များခဲ့ပြီး တရုတ်ကဗျာဆရာ ပိုင်ကျွီးရိ (Bai Juyi) က နှစ်ပေါင်းထောင်ချီကြာရှည်သည်အထိ ကျော်ကြားခဲ့သည့်ကဗျာရေးသားခဲ့သည်။ ယူနန်-မြန်မာ ရှေးဟောင်းလမ်းမကြီးပေါ်၌ မြင်းလှည်းများဖြင့် ပြည့်ကျပ်နေပြီး လက်ဖက်ရည်မွှေးရနံ့များ ပျံ့နှံ့ခဲ့သည်။ နှစ်နိုင်ငံအကြား စာပေ၊ အနုပညာ၊ ဗုဒ္ဓဘာသာအပါအဝင် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ အဆက်မပြတ်ရှိခဲ့သည်။ ယမန်နှစ်က မြန်မာနိုင်ငံမှ တရုတ်နှစ်သစ်ကူးနေ့ကို မြန်မာနိုင်ငံ၏ အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ပြီး တရုတ်နိုင်ငံ၏ ဝူရှူး၊ ပလွေ၊ စောင်းနှင့် မြန်မာမင်းဆက် ခြောက်ဆက်၏ ဂီတအကများ ပွဲတော်စင်မြင့်ထက်တွင် ပူးတွဲဖျော်ဖြေခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်သည် အကြင်နာတရားကင်းမဲ့သော်လည်း ပြည်သူများက မေတ္တာတရားရှိခြင်းကို အာရှ၏ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ဖွံ့ဖြိုးတိုးတက်သော၊ လှပသော၊ ခင်မင်ရင်းနှီးသော “နေရပ်ဌာနေ ၅ ရပ်” တည်ဆောက်ခြင်းဘုံရှုမြင်ချက်တွင် ထင်ဟပ်ပေါ်လွင်စေသည်။

မြန်မာနိုင်ငံ၏ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အာရှနိုင်ငံများက ပံ့ပိုးကူညီမှုများပေးအပ်ခဲ့ခြင်းသည် ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်မှုနှင့် အားလုံးပါဝင်မှုဟူသော အာရှတန်ဖိုးများကို အထင်အရှားပြသခဲ့ပါသည်။

ယနေ့ကမ္ဘာသည် ရာစုနှစ်တစ်ခု၏ အပြောင်းအလဲများ အရှိန်အဟုန်မြင့်တက်လျက်ရှိကာ အာရှသည်ပြန်လည်ရှင်သန်နိုးထခြင်းဟူသော စမှတ်အသစ်ပေါ်၌ရပ်တည်နေပြီး ကြုံတွေ့နေရသော ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများနှင့် စွန့်စားစိန်ခေါ်မှုများမှာ ယခင်ကတစ်ခါမျှမကြုံတွေ့ခဲ့ဖူးပါ။ ဧပြီလဆန်းပိုင်းတွင် ကျွန်မသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ ဗဟိုညီလာခံ “The Central Conference on Work Related to Neighboring Countries ” သို့တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် အိမ်နီးချင်းနိုင်ငံများနှင့် မဟာဗျူဟာမြောက်ယုံကြည်မှုကို ခိုင်မာစေရန်၊ ဒေသတွင်းနိုင်ငံများ၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေးလမ်းကြောင်းကို မှန်ကန်စွာလျှောက်လှမ်းနိုင်ရန် ထောက်ခံအားပေးခြင်းနှင့် အငြင်းပွားမှုများကို ထိရောက်စွာ စီမံခန့်ခွဲရန်၊ ဖွံ့ဖြိုးတိုးတက်ရေးပေါင်းစည်းမှုကို နက်ရှိုင်းစေရန်၊ အဆင့်မြင့်ဆက်သွယ်ရေး လမ်းကြောင်းများ ဖော်ဆောင်ခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ထောက်ပံ့ရေးကွန်ရက်များ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုအားဖြည့်ရန်၊ ဒေသတွင်းတည်ငြိမ်မှုကို အတူတကွ ထိန်းသိမ်းရန်၊ လုံခြုံရေးနှင့်ဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် စိန်ခေါ်မှုအသီးသီးများကို ရင်ဆိုင်ရန်၊ လူမှုဆက်ဆံရေးပြန့်ပွားစေရန်နှင့် နိုင်ငံသားများ အပြန်အလှန်သွားလာမှုအား လွယ်ကူချောမွေ့စေရန် တို့ကို အလေးပေးဆွေးနွေးခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာကြီးမတည်ငြိမ်မှုနှင့် ပြောင်းလဲမှုများကြား တည်ငြိမ်သောအင်အား၊ ပူးပေါင်းဆောင်ရွက်သောအင်အားနှင့် တိုးတက်သောအင်အားအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကာ အိမ်နီးချင်းနှင့် ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးမူဝါဒကို အမြဲကိုင်စွဲကျင့်သုံးကာ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေ၍ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ(GDI)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ(GSI)၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံ (GCI) တို့ကို အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ်ပုံစံခေတ်မီမှု၏ အကျိုးရလဒ်များဖြင့် အိမ်နီးချင်းနိုင်ငံများအား ပိုမိုအကျိုးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့တောင်ဘက်ခြမ်း၏ စည်းလုံးညီညွတ်မှုနှင့် မိမိကိုယ်ကိုအားကိုးအားထားမှုအား ပိုမိုအားဖြည့်ပြီး ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အတူတကွထိန်းသိမ်းကာ အာရှခေတ်မီမှုဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်ကို ပူးပေါင်းမြှင့်တင်သွားမည်ဖြစ်ပါသည်။

ငလျင်သည် ကမ္ဘာမြေကြီးကိုအက်ကွဲစေခဲ့သော်လည်း တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဖြတ်တောက်၍မရသလို ကံကြမ္မာတူ၊ ဖေးမကူသော စိတ်ဓာတ်နှင့် ယုံကြည်မှုကိုလည်း မလှုပ်ခတ်နိုင်ပါ။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံသို့ Prefabricated House များ၊ ရွှေ့လျားခွဲစိတ်ခန်းများအစရှိသော အထောက်အပံ့များ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အဆောက်အအုံဆိုင်ရာ စစ်ဆေးရေးကျွမ်းကျင်ပညာရှင်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးပညာရှင်များကို မြန်မာနိုင်ငံသို့ စေလွှတ်၍ ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးခဲ့သော အဆောက်အအုံများ တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီပြီး မြန်မာပြည်သူများ ပုံမှန်လူနေမှုဘဝသို့ မြန်ဆန်စွာ ပြန်လည်ရောက်ရှိစေရန် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ကျွန်မတို့သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်ပြည့် အထိမ်းအမှတ်ကို ဤနှစ်တွင် အတူတကွဂုဏ်ပြုကျင်းပခြင်းအပေါ်အခြေခံကာ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကြီးမားသော တိုးတက်မှုများရရှိစေရန် လုပ်ဆောင်သွားမည်။ ခေတ်သစ် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ခြင်းကို တည်ငြိမ်စွာဖြင့် ခရီးပေါက်ရောက်စေရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ ။




မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

❖ ငလျင်သည် ကမ္ဘာမြေကြီးကိုအက်ကွဲစေခဲ့သော်လည်း တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဖြတ်တောက်၍မရသလို ကံကြမ္မာတူ၊ ဖေးမကူသောစိတ်ဓာတ်နှင့် ယုံကြည်မှုကိုလည်း မလှုပ်ခတ်နိုင်ပါ။

❖ ဧရာဝတီမြစ်သည် တရုတ်နိုင်ငံမှ မြစ်ဖျားခံပြီး နှစ်နိုင်ငံပြည်သူများသည် တစ်မြစ်တွင်းရေ အတူသောက်သုံးကြကာ ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြပါသည်။ မြန်မာပြည်သူများသည် မြန်မာဘာသာစကားတွင် သွေးချင်းညီအစ်ကိုဟု အဓိပ္ပာယ်ရသော “ပေါက်ဖော်” ဟူသောစကားလုံးဖြင့် တရုတ်ပြည်သူများကို ရည်ညွှန်းပြီး ခေါ်တွင်ကြသည်။ လက်ရှိခေတ်ကာလတွင် နှစ်နိုင်ငံသည် ကိုလိုနီစနစ် (Colonialism) နှင့် နယ်ချဲ့ဝါဒ (Imperialism) ကို တော်လှန်ရန် လက်တွဲခဲ့ကြ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာဂန္ဓာရုံကျောင်းတိုက်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များဆက်ကပ်၊ ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး ထိခိုက်ပျက်စီးသော ရှေးဟောင်းဘုရားများ ကြည့်ရှုစစ်ဆေး



မန္တလေး မေ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆရာတော်ကြီးနှစ်ပါးအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည်။

ဦးစွာ မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနက ငါးပါးသီလချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒေ့ာဘာသာဘိဝံသ မထေရ်မြတ်အား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် နဝကမ္မဝတ္ထုငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသန မထေရ်မြတ်ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ မဟာမြိုင်ကျောင်းတိုက်ဆရာတော်က အနုမောဒနာတရား ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ အမြဲတမ်းအတွင်းဝန်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ သာသနာရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ အနုပညာဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝန်ကြီးဌာနမှ ဝန်ထမ်း ၅၈၈ ဦးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတောင်တော်သို့ ရောက်ရှိပြီး ပြန်လည်ပြင်ဆင်လျက်ရှိသည့် ရွှေသိမ်တော်စေတီနှင့် စန္ဒမုခိစေတီတော်တို့ကိုလည်းကောင်း၊ မန္တလေးတောင်တော်သမိုင်းနှင့်ဆက်စပ်လျက်ရှိသော မြွေကြီးနှစ်ကောင်ဘုရားကိုလည်းကောင်း ဖူးမြော်ကြည်ညို၍ တောင်တော်ဂေါပကအဖွဲ့ထံ ဘုရားစေတီများပြုပြင်ရာ၌ လိုအပ်သည့်နေရာတွင် အသုံးပြုရန် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




နေပြည်တော် မေ ၄

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဖွံ့ဖြိုးရေးကော်မတီနှင့် အများပြည်သူများက ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ငွေကျပ်သိန်း ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ရုံး၌ လာရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေး



နေပြည်တော် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် သုံးဆယ့်ငါးရက်မြောက်နေ့အဖြစ် ဈေးကားရှစ်စီးဖြင့် လှည့်လည်ရောင်းချပေးသည်။

မတ် ၃၀ ရက်မှ မေ ၄ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်ဘူတာကြီး၊ ဥပ္ပါတသန္တိဘုရားပုရိဝုဏ်အတွင်းရှိ လုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများကို ဆန်ခြောက်ပြည်ပါ (မနောသုခ - Export Quality) ၁၀၂၆၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၀၁ အိတ်၊ ဆီပိဿာ ၃၅၇၇၀၊ ဆား ၁၅၃၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၅၆၂၄ ထုပ်၊ ငါးပိ ၃၀၆ ပိဿာ၊ ကြက်ကောင်ရေ ၂၅၀၊ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥ ၉၄၉၀၊ ဘဲဥ ၂၄၄၅ လုံး၊ ငုံးဥ ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၆ အိတ်၊ စားအုန်းဆီ ၄၉၆၃ ပိဿာ၊ ဆား ၇၇ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၉၄ ထုပ်၊ ငါးပိ ၂၆ ပိဿာ၊ ကြက်သွန်နီ ၅၇၈ ပိဿာ၊ အသားတု ၂၈ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုဇွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၄၄ အိတ်၊ စားအုန်းဆီ ပိဿာ ၆၃၈၀၀၊ ဆား ၅၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၃ ထုပ်၊ ငါးပိ ၂၂ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ကျောင်းသား ကျောင်းသူများ နေထိုင်ရေးဆောင်ရွက်ထားရှိမှုနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၏ RC လေးထပ်ကျောင်းသူအိပ်ဆောင်ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်ယူနိုင်ရေးအတွက် စာသင်ဆောင်များ၊ နေထိုင်မည့်အဆောင်များ ကြံ့ခိုင်မှုရှိစေရေး၊ အဆင်ပြေစွာနေထိုင်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ နေရာချထားရေးတို့အတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါအဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၂)က ၂၀၂၄ ခုနှစ် မေလမှစတင်၍ နိုင်ငံတော်၏ရန်ပုံငွေကျပ် ၁၈၃၆ သန်းကိုအသုံးပြုဆောက်လုပ်ခဲ့ရာ ၂၀၂၅ ခုနှစ် မတ်လတွင်ပြီးစီးခဲ့ပြီး ကျောင်းသူဦးရေ ၁၁၀ နေထိုင်နိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ (ရန်ကုန်)သို့သွားရောက်၍ ညှော်ခန်းမ၌ ငလျင်ဘေးဒဏ်သင့်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် SUN Pharmaceutical Industry က လှူဒါန်းသော ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ The Korea Foundation for International Healthcare (KOFIH) အဖွဲ့ကလှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းတင်လက်မှတ်ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာရဲမြင့်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၌ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင်ကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၏ ဓာတ်ခွဲခန်းနှင့် ရုံးအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုရှိခဲ့သဖြင့် ပြင်ဆင်နေသည့်အချိန်ကာလအတွင်း မူလလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန် အချို့ဝန်ဆောင်မှုများကို ရန်ကုန်ရုံးခွဲသို့ ယာယီပြောင်းရွှေ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယာယီလာရောက်နေထိုင်လုပ်ကိုင်သည့် ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေသည့်အချိန်တွင်လည်း လုပ်ငန်းများ ရပ်တန့်နေ၍မရဘဲ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေပြည်တော်၌ ဓာတ်ခွဲခန်းလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန် အတွက်လည်း အမြန်ပြင်ဆင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အစားအသောက်နှင့်ဆေးဝါးများကို စစ်ဆေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ကြရသော်လည်း အခြားသောကြန့်ကြာနိုင်သည့် အကြောင်းရင်းများကို ရှာဖွေဆန်းစစ်ကာ လုပ်ငန်းများ ယခုထက်ပိုမိုမြန်ဆန်စေရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မှော်ဘီမြို့နယ် မိုးကြိုးပစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိုးကြိုးပစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို မေ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဇေတဝနာရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၃ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ပုဗ္ဗသီရိမြို့နယ်ရှိ ငလျင်ဘေးရှောင်စခန်းသို့ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် မေ ၄

နေပြည်တော် တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့က ပုဗ္ဗသီရိမြို့နယ် မင်္ဂလာသီရိပတ္တာကျောင်းတိုက်ရှိ ငလျင်ဘေးရှောင်စခန်းတွင် မေ ၃ ရက် နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။



ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် နေပြည်တော်တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ်ကြီး ဦးလှမော်နှင့် တိုင်းရင်းဆေးဆရာ ဆရာမများက ကွင်းဆင်းဆေးကုသပေးခြင်း ဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ် မင်္ဂလာသီရိပတ္တာကျောင်းတိုက်ရှိ သံဃာတော်များနှင့် ငလျင်ဘေးရှောင်စခန်းမှ ပြည်သူများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျဉ်နာရောဂါများ ကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

## ရေးမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ရေး မေ ၄

မွန်ပြည်နယ် ရေးမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ ရေးမြို့ အောင်မင်္ဂလာ ရပ်ကွက် ကျက်သရေကုန်း ဣန္ဒာသရဘုန်းကြီးကျောင်းတွင် တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်မြတ်ကြီးတွင် ဘုရားပန်းလဲခြင်း၊ ဘုရားရေသပ္ပာယ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ရေးမြို့နယ် မီးသတ်ဦးစီးဌာနက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးကျောင်းများ၊ အများပြည်သူသုံး ရေကန်များနှင့် ရေရှားပါးရာ နေရာများသို့ သောက်သုံးရေများကို နှစ်စဉ်လိုက်လံ လှူဒါန်းပေးခဲ့ပြီး ဆက်လက်၍လည်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ရေးမီးသတ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံကိုင်းစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အထက(၁)၌ ဆရာ ဆရာမများအား အခြေခံစားသောက်ကုန်များ ပေးအပ်စဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ငလျင်ဒဏ်ကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများအတွက် လှူဒါန်းထောက်ပံ့ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) အားကစားခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းမြို့ လေးကျွန်းမြေရပ် လေးကျွန်းမြေအုဋ္ဌကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပိယာလင်္ကာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများ၏ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် မတ်တတ်ရပ်၍ ငြိမ်သက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက် လာကြသူများက လေးကျွန်းမြေအုဋ္ဌကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းငွေကျပ်သိန်း ၁၇၂၀ ကို ဆရာတော်ထံလှူဒါန်းကာ လှူဒါန်းမှုအစုစုတို့ကို မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများအတွက် ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံကိုင်းစေတီသို့သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ပန်းပဲတန်းရပ်ကွက်နှင့် မိုးဇာရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများရှိ ဆရာ ဆရာမများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ရိက္ခာမယ်ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) အားကစားခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် မတ်တတ်ရပ်၍ငြိမ်သက်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရိက္ခာအမယ်ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်း ပြောကြားသည်။ ထို့နောက် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရိက္ခာအမယ်ငါးမျိုးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ ငလျင်ဒဏ်သင့်ပြည်သူများမှ လက်ခံရယူကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး၊ အများပြည်သူများ နေ့စဉ်သွားလာနေသည့်လမ်းများ ဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မဟာမုနိဘုရားကြီးသို့သွားရောက်၍ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်သည်။ ယင်းနောက် မဟာမုနိဘုရားကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘုရားကြီး၏အရှေ့ဘက် စမြင်အားယာယီဒေါက်တိုင်များထောက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဘုရားကြီးရင်ပြင်တွင် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဘုရားကြီး ပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက်

**စာမျက်နှာ ၁၁ သို့** ❂



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# ဒုတိယဝန်ကြီး ဦးအေးကျော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဝန်ထမ်းအိမ်ရာများအတွက် ယာယီရုံးခန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှု၊ ယာယီနေရာချထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် အင်ဂျင်နီယာချုပ်ရုံးနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း ရှိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဝန်ထမ်းအိမ်ရာများအတွက် ယာယီရုံးခန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှု၊ ယာယီနေရာချထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံး ဓာတ်အားခငွေလက်ခံကောင်တာနှင့် ဝန်ထမ်းအိမ်ရာများ၏ ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ထိခိုက်ပျက်စီးခဲ့မှုများအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ဓာတ်အားခငွေလက်ခံကောင်တာဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ယာယီ



ရုံးခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များ တည်ဆောက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၁)၊ ဓာတ်အားခွဲရုံအမှတ်(၃)၊ ဓာတ်အားခွဲရုံ အမှတ်(၆)နှင့် ဝဏ္ဏသိဒ္ဓိအားကစားဓာတ်အားခွဲရုံများသို့သွားရောက်၍ Control Room နှင့် Switch Yard အတွင်း ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြင်ဆင်၍ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများ၊ ဓာတ်အားခွဲရုံဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ယာယီနေရာချထားပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားဓာတ်အားခွဲရုံဝင်းအတွင်းရှိ နေပြည်တော် အင်ဂျင်နီယာချုပ်ရုံး ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားသည့် ADMS အဆောက်အအုံသို့ရောက်ရှိရာ တာဝန်ရှိသူများက ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီပြောင်းရွှေ့နေထိုင်မှုအခြေအနေများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ပြီးစီး၍ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီတာဖတ်ရှုနေမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းရေး ဆောင်ရွက်နေမှုများ ကွင်းဆင်းကြပ်မတ်စစ်ဆေး

**ရန်ကုန် မေ ၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ဧပြီ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့သို့သွားရောက်၍ ၂၀၂၅ ခုနှစ် ဧပြီလအတွက် မီတာဖတ်ရှုနေမှုများနှင့် မြို့နယ်အလိုက် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်ထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဓာတ်အားခွဲရုံ၊ စက်မှုဇုန်(၁)ဓာတ်အားခွဲရုံ၊ ကျန်စစ်သားဓာတ်အားခွဲရုံ၊ ကညနဓာတ်အားခွဲရုံများရှိ ဖီဒါမီတာများမှ မီတာဖတ်ရှုထားမှုများ၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာကြီးများမှ ဓာတ်အားဖြန့်ဖြူးထားမှု၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့သွားရောက်၍ ဖီဒါအလိုက် ဓာတ်အားပျောက်ဆုံးမှုများ သိရှိနိုင်ရေးဆောင်ရွက်ရန်၊ အများပြည်သူနှင့် စက်မှုဇုန်အသုံးရောနှောနေသည့် ထရန်စဖော်မာများအား စနစ်တကျစစ်ဆေးရန်၊ လက်ခံယူနစ်များအား ဆက်စပ်မြို့နယ်များနှင့် ခွဲခြားသိရှိနိုင်ရေး ဆောင်ရွက်ရန်၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများအား ခရိုင်စုဖွဲ့အင်အားဖြင့် စစ်ဆေးဖော်ထုတ်ရန်၊ ရပ်/ပျက်/နှေးမီတာများအား အမြန်စစ်ဆေးလဲလှယ်ရန်၊ ဓာတ်အားခကောက်ခံနှုန်းထားများ မှန်ကန်မှုရှိစေရေး၊ မီတာဖတ်ချက်ယူနစ်များ မှန်ကန်မှုရှိစေရေးတို့အတွက် တာဝန်ရှိသူ



အဆင့်ဆင့်တို့က အဖွဲ့များဖွဲ့၍ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားကာ အမှတ်(၁)ခွဲရုံ ဘဏ္ဍာရေးဌာနတို့အား ကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် ၁၁ ကေဗွီ ဖီဒါခြောက်လိုင်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

❂ စာမျက်နှာ ၁၀ မှ

တန် ၂၂၀ ကရိန်းရောက်ရှိမှုနှင့် နေရာချထားရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ မဟာမုနိဘုရားကြီးအား အထူးစီမံကိန်းတစ်ရပ်အဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဂန္ဓကုဋ်ိတိုက်နှင့် ထီးတော် အကြီးစားပြင်ဆင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဂန္ဓကုဋ်ိတိုက်အတွင်းပိုင်း ကြံ့ခိုင်မှုအခြေအနေများ၊ ဘုရားကြီးအား အကြီးစား ပြင်ဆင်နေစဉ်ကာလအတွင်း ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ရေးတို့အတွက် ရုပ်ရှင်တော်မြတ်ကြီးအား ယာယီအပူဇော်ခံမဏ္ဍပ်တွင် LED ဖြင့်ပြသ၍ အပူဇော်ခံနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်သည့် အလှူရှင်များ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန် ယာယီအလှူခံမဏ္ဍပ် ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်နေမှု အခြေအနေများကိုသွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကျက်ကျဆုတောင်းပြည့် မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မှာကြား**

ယင်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူ ယာယီကယ်ဆယ်ရေး စခန်းသို့လည်းကောင်း၊ အမှတ်(၅)အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူ ယာယီကယ်ဆယ်ရေး စခန်းသို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ တာဝန်ရှိသူများအား သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျနေထိုင်နိုင်စေရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေးနှင့် ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်း ပြုစုထားရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ပတ္တာကျေးရွာအုပ်စု၊ စက်မှုဇုန်သွားကားလမ်းဝဲ/ယာတစ်လျှောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် မြစ်သားမြို့နယ် ကူမဲမြို့ အမှတ်(၄)ရပ်ကွက် ကူမဲ-ကင်းတား(၂၁)မိုင်သွားကားလမ်းဘေးရှိ အမှိုက်ပုံနေရာနှင့် လမ်းခွကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်(၃၆၅) အနီးရှိ အမှိုက်ပုံ နေရာများကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်နှင့် ရဲစုရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံနှစ်လုံးအား ယန္တရားဖြင့် ရှင်းလင်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး အကြံပြုကြပ်မတ် ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင် အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည် ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၈၂၇ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင် နေထိုင်နိုင်မည့် အဆောက်အအုံ ၅၅၃၈ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၈၉ လုံးမှ အဆောက်အအုံ ၂၃၀ အား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၅၉ လုံးဖြစ်ကြောင်း သိရှိရသည်။

**သွားရောက်စစ်ဆေး**

ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ မာမားစက်ရုံနှင့် SunJin မြန်မာ အစာတောင့် စက်ရုံများသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်း၊ စက်ပစ္စည်းများ ချို့ယွင်းခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများကို သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့်ရရှိရေးစီမံဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ဟိုပုံးမြို့မှ ထုတ်လုပ်သော ရှမ်းရိုးမဘိလပ်မြေ ၈၉၆၂ အိတ်၊ ကျောက်ဆည်မြို့ M-Steel သံမဏိစက်ရုံမှ ထုတ်လုပ်သော (HRB-400) 10mm (3.9kg) သံချောင်း ၂၃ ဒသမ ၂၅ တန်၊ (HRB-400) 16mm(11.5kg) သံချောင်း ၄၂ ဒသမ ၇၅ တန်နှင့် ကျောက်ဆည်မြို့ ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည် စက်ရုံမှ ထုတ်လုပ်သော 7mm(grade-B) အထပ်သား ၄၈၅ ချပ်တို့ကို ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သို့ သင်တန်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သို့ ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ သင်တန်းသားများထားရှိမည့် သင်တန်းအိပ်ဆောင်၊ စားရိပ်သာများ၊ သင်တန်းခန်းမများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြိုတင်ပြင်ဆင်**

ဆက်လက်၍ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ် အစည်းအဝေးခန်းမ၌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက လမ်းညွှန်ချက်နှင့်အညီ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်အတွက် သင်တန်းလျာထားချက်များကို ဇွန်လဆန်းတွင် သင်တန်းများအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ အဆင်သင့်ဖြစ်နေသလို ပညာဌာနမှူးများကလည်း ဝန်ထမ်းများအတွက် အသိပညာ၊ အတတ်ပညာများကို အရည်အသွေးအပြည့်အဝ ပို့ချပေးနိုင်ပါက မည်သည့်အခက်အခဲများနှင့် ရင်ဆိုင်ရသည်ဖြစ်စေ အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းအင်အားအလိုက် သင်တန်းအိပ်ဆောင်၊ စာသင်ဆောင်များတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ လေ့ကျင့်သင်ကြားနိုင်ရေးနှင့် စားသောက်ရေး



အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ပညာဌာနအလိုက် သင်ရိုးညွှန်းတမ်း၊ ပို့ချဘာသာရပ်များ စနစ်တကျ ပြင်ဆင်ထားရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးတက္ကသိုလ်၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေး

**ကလေး မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးတက္ကသိုလ်မှ ဆရာ ဆရာမများက တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်အလိုက်သင်ကြားနေမှုကို ယနေ့နံနက်ပိုင်းက ကလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဒေသကွပ်ကဲရေးမှူးနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးအောင်ကျော်ဆိုင်က ကျောင်းသား ကျောင်းသူများအား သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒေသကွပ်ကဲရေးမှူး(ကလေး)၊ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကလေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

**ထားဝယ် မေ ၄**

ကျောင်းသားလူငယ်များအနေဖြင့် ကွန်ပျူတာအခြေခံမှစတင်၍ ကျွမ်းကျင်တတ်မြောက်စေရန်အတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်တိုင်းဒေသကြီးရဲတပ်ဖွဲ့မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်း၍ အခြေခံကွန်ပျူတာသင်တန်းကိုယနေ့မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန္ဒာလင်းက ကွန်ပျူတာပညာရပ်သည် ကမ္ဘာပေါ်တွင် အလေးပေးသင်ကြားနေရသောပညာရပ်တစ်ခုဖြစ်ကြောင်း၊ ကွန်ပျူတာတတ်မြောက်ကျွမ်းကျင်မှုသည် ယနေ့အချိန်အခါတွင် မရှိမဖြစ်လိုအပ်နေပြီဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကွန်ပျူတာပညာရပ်အား စိတ်ပါဝင်စားစွာ သင်ယူကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် သင်တန်းနည်းပြဆရာမ ဒေါ်ယုကေခိုင်က ကျောင်းသားလူငယ် သင်တန်းသားများအား Computer Typing၊ Mouse Skill၊ English & Myanmar Typing လက်ကွက်ကျွမ်းကျင်မှု Skill၊ About Computer System၊ Microsoft Word စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြား ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ITPEC စာမေးပွဲများ ကျင်းပ

**ရန်ကုန် မေ ၄**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး ကျင်းပလျက်ရှိသည့် Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြုစာမေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင်ဧပြီ ၂၇ ရက်က တစ်ပြိုင်တည်း ကျင်းပသည်။



Information Technology Passport Examination (IT Passport) စာမေးပွဲတွင် ၃၇၀ နှင့် Fundamental Information Technology Engineer Examination (FE) စာမေးပွဲတွင် ၇၆၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။(ဓာတ်ပုံ)

ITPEC စာမေးပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ်ပြုလုပ်ရာ ၂၀၂၄ ခုနှစ်အောက်တိုဘာလ စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်မြင်သူ ၇၃၃ ဦးရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲများကို မြန်မာနိုင်ငံ အပါအဝင်ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ပါဝင်သည့် ခုနစ်နိုင်ငံက အသိအမှတ်ပြုကြောင်း သိရသည်။

**မျိုးမင်းသူရ**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၄**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ဩစတြေးလျ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်ဦးဆောင်သည့် အလုပ်သမားပါတီ အနိုင်ရ

ကင်ဘာရာ မေ ၄

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်သည် မေ ၃ ရက်တွင် ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အလုပ်သမားပါတီသည် သမိုင်းဝင် အောင်ပွဲတစ်ရပ်ကို ထပ်မံရရှိခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက သတင်းဖော်ပြသည်။



မေ ၄ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီအချိန်အထိ မဲရေတွက်မှုရလဒ်များအရ လေဘာပါတီသည် အောက်လွှတ်တော် အမတ်နေရာ ၁၅၀ အနက် ၈၅ နေရာကို ရရှိခဲ့ကြောင်း ကြေညာခဲ့သည်။ ဩစတေးလျ အသံလွှင့်ကော်ပိုရေးရှင်းက လစ်ဘရယ်ပါတီ ဦးဆောင်သည့် အတိုက်အခံ ကွန်ဆာဗေးတစ်မဟာမိတ်အဖွဲ့သည် အမတ်နေရာ ၄၁ နေရာနှင့် တစ်သီးပုဂ္ဂလ ၁၀ နေရာ ရရှိခဲ့ကြောင်း အေဘီစီသတင်းဌာနက သတင်းဖော်ပြသည်။

ဩစတြေးလျ ပြည်သူများသည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ရန် ကိုယ်ပိုင်နည်းလမ်းများဖြင့် အနာဂတ်ကို တည်ဆောက်နေချိန်တွင် အချင်းချင်း အပြန်အလှန် ကူညီစောင့်ရှောက်ရန် ဝန်ကြီးချုပ် အယ်လ်ဘာနီးစ်က ထောက်ခံသူများအား ပြောကြားသည်။ အမေရိကန်သမ္မတ ဒေါနယ်ထရမ့်၏ တစ်ဖက်သတ်ကြေညာသည့် အမေရိကန် အခွန်စည်းကြပ်မှုနှင့် ပတ်သက်၍ ဩစတြေးလျ နိုင်ငံသားများအကြား စိတ်အနှောင့်အယှက်ဖြစ်မှုများ ကြီးထွားလျက်ရှိသည်။

လက်ရှိတွင် ဝန်ကြီးချုပ်အယ်လ်ဘာနီးစ်အနေဖြင့် အမေရိကန်၏ အခွန်စည်းကြပ်မှုနှင့် အခြားစိန်ခေါ်မှုများကို မည်သို့ ကိုင်တွယ်ဖြေရှင်းသွားမည်လဲ ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ဂါဇာဒေသ၌ စစ်ဆင်ရေးများ ထပ်မံဆောင်ရွက်မည့် အစီအစဉ်ကို အတည်ပြုမည်ဟု အစ္စရေးပြောကြား

ဂျေရုဆလင် မေ ၄

ဂါဇာဒေသတွင် စစ်ဆင်ရေးများထပ်မံဆောင်ရွက်ရန် အစီအစဉ်ကို အစ္စရေးအစိုးရက အတည်ပြုသွားမည်ဟု သိရသည်။

ပြီးခဲ့သည့် ၄၈ နာရီအတွင်း အစ္စရေးတပ်မတော်၏ ဂါဇာဒေသတွင် ဆောင်ရွက်သည့်စစ်ဆင်ရေးကြောင့် ၇၇ ဦး ထပ်မံသေဆုံးပြီး ဂါဇာဒေသတွင် သေဆုံးသူစုစုပေါင်း ၅၂၄၉၅ ဦး ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံတောင်ပိုင်းရှိ ခန်ယူနွတ်ဒေသတွင် ယမန်နေ့ အရုဏ်မတက်မီအချိန်က အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ကလေးတစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ကို မတ်လမှ စတင်၍ အစ္စရေးတပ်မတော်က ပိတ်ပင်ခဲ့သည်။ မိမိတို့၏ တိုက်ခိုက်မှုများမှာ ဟားမတ်စ်အဖွဲ့ကို ဖိအားပေးရန် အတွက်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းများသည် နေထိုင်ရန် နယ်မြေကျဉ်းမြောင်းလာကြောင်း သိရသည်။ အစ္စရေး၏တိုက်ခိုက်မှုများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ ဆိုးရွားလာခြင်းနှင့် ထိခိုက်သေဆုံးမှုများ များပြားလာခြင်းကို တာဝန်ရှိသူများက စိုးရိမ်ပူပန်နေကြသည်။ ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ

## ဟူသီအဖွဲ့ပစ်လွှတ်သောဒုံးကျည်တစ်စင်း အစ္စရေးနိုင်ငံအတွင်းရှိ ဘန်ဂူရီယွန်နိုင်ငံတကာလေဆိပ်အနီးသို့ကျရောက်

ဆာနာ မေ ၄

ယီမင်နိုင်ငံအတွင်းရှိ ဟူသီအဖွဲ့ပစ်လွှတ်သော ဒုံးကျည်တစ်စင်းသည် အစ္စရေးနိုင်ငံအတွင်းရှိ ဘန်ဂူရီယွန် နိုင်ငံတကာလေဆိပ် အနီးသို့ ကျရောက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ယနေ့ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ ယီမင်ရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့က အဆိုပါတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြောင်း ကြေညာသည်။




အစ္စရေးတပ်မတော်က ဟူသီတို့ပစ်လွှတ်ခဲ့သည့် အဆိုပါဒုံးကျည်ကို ကြားဖြတ်ဟန့်တားရန် ကြိုးပမ်းခဲ့သော်လည်း တဲလ်အဗစ်မြို့အနီးရှိ ဘန်ဂူရီယွန်နိုင်ငံတကာလေဆိပ်အနီးသို့ ကျရောက်ခဲ့ကြောင်း သိရသည်။

လေဆိပ်တွင် လေကြောင်းလိုင်းများ ပျံသန်းခြင်းကို ခေတ္တဆိုင်းငံ့ထားကြောင်း ဒေသတွင်းမီဒီယာများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့အား အစ္စရေးတပ်ဖွဲ့များက ဆက်လက်တိုက်ခိုက်နေချိန်တွင် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဟူသီများသည် ဟားမတ်စ်တို့နှင့် စည်းလုံးညီညွတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး အစ္စရေးဘက်သို့ ဒုံးကျည်များကို အကြိမ်ကြိမ်ပစ်လွှတ်ခဲ့သည်။

ဟူသီလက်နက်ကိုင်အဖွဲ့သည် ဒုံးကျည်မပစ်လွှတ်မီ အစ္စရေးလေဆိပ်ကို အသုံးပြုမှုရပ်ဆိုင်းရန် လေကြောင်းလိုင်းအားလုံးကို သတိပေးသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အစ္စရေးပြည်သူများအား တိုက်ခိုက်သည့် မည်သည့်အဖွဲ့အစည်းမဆို တန်ပြန်တိုက်ခိုက်ခံရမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဂါဇာတောင်ပိုင်း၌ ဒါဇင်နှင့်ချီသော သတင်းထောက်များက အစ္စရေး၏ တိုက်ခိုက်မှုအပေါ် ဆန္ဒထုတ်ဖော်

ဂါဇာစီးတီး မေ ၄

ဂါဇာတောင်ပိုင်း ခန်ယွန်နစ်မြို့၌ ဒါဇင်နှင့်ချီသော သတင်းထောက်များသည် ၎င်းတို့အား အစ္စရေးက ပစ်မှတ်ထားတိုက်ခိုက်မှုအပေါ် ယမန်နေ့က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မီဒီယာသမားများအပေါ် အစ္စရေး၏ထပ်ခါတလဲလဲ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ ကာကွယ်ပေးရန်လည်း နိုင်ငံတကာအသိုက်အဝန်းကို ၎င်းတို့က တောင်းဆိုခဲ့သည်။

အဆိုပါဆန္ဒထုတ်ဖော်မှုကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အဖြစ် ပါလက်စတိုင်းသတင်းထောက်များအဖွဲ့က ဦးဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းမီဒီယာသမားများသည် မြို့တော် ခန်ယွန်နစ်ရှိ နက်စ်ဆာဆေးရုံရှေ့၌ “သတင်းသမားများအား သတ်ဖြတ်ခြင်းကိုရပ်” ဟူသောဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အစ္စရေးအစိုးရသည် ပါလက်စတိုင်းသတင်းထောက်များအား တိုက်ရိုက်သတ်ဖြတ်ပြီး ၎င်းတို့၏နေအိမ်များကိုလည်း ဖျက်ဆီးခဲ့ကြောင်း ဆန္ဒထုတ်ဖော်သူများက ပြောကြားသည်။

ဂါဇာဒေသသည် သတင်းထောက်များအတွက် ဘေးကင်းရေးအာမခံချက် လုံးဝမရှိခြင်း၊ စာနယ်ဇင်းအဖွဲ့အစည်းများကို ဖျက်ဆီးခြင်းနှင့် ပုံနှိပ်လုပ်ငန်းများ ပျက်စီးဆုံးရှုံးရခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံးနေရာများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။




သေဆုံးခဲ့သည့်သတင်းသမားများအတွက် အစ္စရေးအစိုးရတွင် တာဝန်အပြည့်အဝရှိကြောင်းနှင့် ပြင်းထန်စွာအရေးယူမှုပြုရန် နိုင်ငံတကာအဖွဲ့အစည်းများကို ဆန္ဒထုတ်ဖော်သည့်သတင်းသမားများက တောင်းဆိုခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် ဂါဇာစစ်ပွဲစတင်ချိန်မှစပြီး အစ္စရေး၏တိုက်ခိုက်မှုကြောင့် သတင်းထောက် ၂၁၂ ဦး သေဆုံးကာ ၄၀၉ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၄၈ ဦး ဖမ်းဆီးခြင်းခံထားရကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## လကမ္ဘာစူးစမ်းရေးနိုင်ငံတကာအစီအစဉ်အရ ဒုံးပျံများနှင့် အာကာသယာဉ်များ ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းမည်ဟု အမေရိကန်ပြောကြား

ဝါရှင်တန် မေ ၄

အမေရိကန်အာကာသအေဂျင်စီနာဆာသည် အမေရိကန်ဦးဆောင်သည့် လကမ္ဘာစူးစမ်းရေး နိုင်ငံတကာအစီအစဉ်အရ ဒုံးပျံများနှင့် အာကာသယာဉ်များ ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

၎င်းအစီအစဉ်အစား အကျိုးအမြတ်ရရှိမည့် အာကာသဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်မည်ဟု သိရသည်။ ယခုကြေညာချက်သည် အမေရိကန်သမ္မတ ထရမ့်၏ ၂၀၂၆ ခုနှစ်အတွက် အာကာသဆိုင်ရာ ဘတ်ဂျက်အစီအစဉ်ကို ထုတ်ပြန်ခဲ့ပြီးနောက် ထွက်လာခြင်းဖြစ်သည်။

၎င်းဘတ်ဂျက်တွင် လာမည့်နှစ်အတွက် အာကာသဆိုင်ရာ ဘတ်ဂျက်အတွက် သုံးစွဲမည့်ငွေမှ ကန်ဒေါ်လာ ခြောက်ဘီလီယံကို လျှော့ချရန် စီစဉ်ထားသည်။

ထို့ပြင် နိုင်ငံတကာအာကာသ စခန်းတွင် ဆောင်ရွက်မည့် အာကာသဆိုင်ရာလေ့လာမှုလုပ်ငန်းများကိုလည်း လျှော့ချမည်ဖြစ်သည်။ ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ



# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း ၅၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၇၅၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ် ၁၁ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၉၀၈၂၆၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck ငါးစီး၊ Nissan Diesel Truck လေးစီး၊ Hino Profia Truck တစ်စီး၊ Shwe Chan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၁၈၃၂၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် ပျဉ်းမလမ်းထိပ် ဒေသငါးဖမ်းလှေဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(၄)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၂၂၉၉၉၇၂၇ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၄၀၉၉၉၇၂၇ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ကျော်ထက်




ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

မီးပွိုင့်အနီး၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ကံ့တလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလိစစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၂၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၈၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ngwe Kyair Sin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၇၃၈ တန်၊ အခြားသစ် ၄၀ ဒသမ ၁၃၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၆၇၆၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၉၈၇၆၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကြက်ယက်ဆိပ်ကမ်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၉၈၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၉၈၅၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၁၈၂၀၃၀၂၄၇ ကျပ် )ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၅-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အနန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၅ခုနှစ်၊ ဧပြီလ) (စတုတ္ထပိုင်း)
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြာဖြာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ (၇၉)နှစ်မြောက်မြန်မာနိုင်ငံ ဗိုးသတ်တစ်ပွဲနေ့ ဝက်ပြုအစီအစဉ်
- ၁၁:၂၅ ဘဝနှင့်အနုပညာ 'ချိုသံသာ တေးအလှဝေဖြာ' (အပိုင်း-၂) တေးသံရှင် စည်သူထား
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၁)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၅:၁၅ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ (၇၉)နှစ်မြောက်မြန်မာနိုင်ငံ ဗိုးသတ်တစ်ပွဲနေ့ ဝက်ပြုအစီအစဉ်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ ဆုတောင်းမေတ္တာ တေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၅ ဆုတောင်းမေတ္တာ တေးကမ္ဘာ
- ၂၁:၃၀ (၇၉)နှစ်မြောက်မြန်မာနိုင်ငံ ဗိုးသတ်တစ်ပွဲနေ့ ဝက်ပြုဇာတ်လမ်း 'မိုးလျှံနိုင်ယာရိ'

### mitv

- 07:01 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
- 07:08 Mt. Cable Garden
- 07:27 Traditional Myanmar Theatrical Performance:
- 07:45 Making a Living as Horticulturist
- 08:01 News
- 08:26 Asia Updates; Artisans in Cuisine
- 08:37 Sri Ksetra, Field of Fortune & Glory (Part-2)
- 09:01 The Man and The Elephant (Part-II)
- 09:16 Tastes of Home Land: Sour and Spicy Crab
- 09:27 Dances of Myanmar:
- 09:32 The Entomologist
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတိုးကွက်' (အပိုင်း-၂၇)
- ၀၇:၄၀ စတီရီယိုတေးများ
- ၀၈:၀၅ 'လောကကိုအလှဆင်မယ်' တေးဂီတဖျော်ဖြေပွဲ
- ၀၉:၄၅ ကာတွန်း 'တီရစ္ဆာန်မြို့တော်၏ ဇာတ်လမ်း' (အပိုင်း-၂၃)
- ၀၉:၃၀ စတီရီယိုတေးများ
- ၀၉:၅၀ မြန်မာရုပ်ရှင်(ပြုမည်း) 'ငှနေထွက်သောည'

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁၆)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
လက်ဖက်ထမင်းနှင့်အမဲသားထောင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဖိုင်းဖြူရွာက ရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖွံ့ကပင်မြေမှ ဖွံ့ဖြိုးတိုးတက်မှုများ (အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ဆန်းပြားလှသည့် ချင်းရိုးရာနာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဆေးဖက်ဝင် သခွတ်ပွင့်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
စကားပုံများမှမှတ်သားစရာ (ပိုင်ရှင်ပြောတော့နသေးလိုချင်သူအတွက်တော့ ရင့်မှည့်ပြီး)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ (မေသူကျော်)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားက ရှုမငြီးတဲ့လမ်းခရီး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်နံရိုးချဉ်စပ်ဟင်းရည်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခွေးရိုးရာ ခေါင်းပေါင်းပေါင်းနည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ရုရှားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူဝင်သောစိတ်ထား'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများ အကြောင်း'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၀၀ ရွှေသို့ချိမည် ပန်းတိုင်ဆီ (အပိုင်း-၅၀)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ စားသုံးဆီပူလုံရေး ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းများမှ နေကြာသီးနှံစိုက်ပျိုးပေး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Agriculture in India
- ၁၈:၃၅ Day in the life of a small farm
- ၂၀:၀၀ အုံရောဟယ် (ဇာတ်လမ်း)
- ၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Sports Info
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ Earthquake Football Rerun (Bago Donation Football Match)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို
နေ့စဉ် နံနက် (၉း၀၀)နာရီမှ
တစ်ကြိမ်လျှင် (၄)နာရီ
(၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆေးသမားကြီး(IDP)စခန်းမီးလောင်ပြင်အား ရှင်းလင်းပြီးစီးမှုနှင့် ယာယီမိုးကာတဲများဆောက်လုပ်ပေးနေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အား ရှင်းလင်းပြီးစီးမှုနှင့် ယာယီမိုးကာတဲများ ဆောက်လုပ်ပေးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



**သွားရောက်ကြည့်ရှု**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်း မီးလောင်ပြင်အား ရှင်းလင်းပြီးစီးမှုကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မီးဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်ဆေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကြည်လွင် ဦးဆောင်၍ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ မီးဘေးသင့်ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးနေမှုနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေသန့်ဆေးပြားများ ဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများအတွက် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာယီမိုးကာတဲများ ဆောက်လုပ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိုးကာတဲများ စနစ်တကျ ဆောက်လုပ်ပေးပြီး နေရာချထားကြရန်၊ မီးဘေးသင့်ပြည်သူများအတွက် သန့်ရှင်းသောရေရရှိရေး၊ ယင်လုံအိမ်သာများအသုံးပြုနိုင်ရေး၊ စနစ်တကျ ချက်ပြုတ်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

စစ်တွေမြို့နယ် ဆေးသမားကြီး(IDP)စခန်းတွင် မေ ၂ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ မီးလောင်ကျွမ်းမှုကြောင့် (၁၀)ခန်းတွဲ လူနေအဆောင် ၁၈ ဆောင် မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၈၀ မှ လူဦးရေ ၁၂၆၀ မီးဘေးကြုံတွေ့ခဲ့ရသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက မီးဘေးသင့်အိမ်ထောင်စု ၁၈၀၊ လူဦးရေ ၁၂၆၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၃၀၀၀၀၀ နှင့် ငွေကျပ် ၁၉၃၈၂၀၄၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၁၈၀ ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ASEAN Family Tent ၁၈၀ နှင့် Jerry Can ရေပုံး ၁၈၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေမြို့နယ်တွင် မတ် ၁ ရက်ကလည်း ခေါင်းဒုက္ခာကျေးရွာအုပ်စု ခေါင်းဒုက္ခာ(၂) IDP စခန်း မီးလောင်မှုဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က ဆန်ရိက္ခာဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ယာယီနေထိုင်ရန်စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် မီးလောင်ပျက်စီးခဲ့သည့်တဲတန်းလျားများ ပြန်လည်ဆောက်လုပ်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၂၉၇၂ ဒသမ ၀၃၁ သန်းကျခံ၍ ပြန်လည်ဆောက်လုပ်ရန် စီမံပေးထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် မေ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ည ၈နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ အနီးတွင် အောင်ပန်းမှ ရန်ကုန်သို့ တင့်ဇော်လင်း(ခ)တင့်ဇော် မောင်းနှင်ပြီး မဇာနည်လင်း လိုက်ပါလာသည့် MITSUBISHI FUSO ခြောက်ဘီး ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ် ဆေးပြားများ တင်ဆောင်ပေးသူ ရဲသွေးအောင်(ခ) ဖိုးလပြည့်အား အောင်ပန်းမြို့ ဗိုလ်ချုပ်ကွင်းရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ် ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အုတ်တွင်းမြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများဆောင်ရွက်

**အုတ်တွင်း မေ ၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ကြက်သွန်ခင်း(၂) ရပ်ကွက် ဇောဓိကုန်း ကျောင်းတိုက်နှင့် ကျွဲပွဲမြို့ စိတ္တသုခကျောင်းတိုက်ဝင်းအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မေ ၂ ရက် နံနက်ပိုင်းတွင် ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ကုသိုလ်ပြု ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကုသိုလ်ပြုလုပ်ငန်းအဖြစ် ဇောဓိကုန်းကျောင်းတိုက်နှင့် ကျွဲပွဲမြို့ စိတ္တသုခကျောင်းတိုက်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း အမှိုက်များရှင်းလင်းခြင်း၊ ဘုရားပန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘုရားရင်ပြင်တော်သန့်ရှင်းရေး လုပ်ငန်းများကို ကုသိုလ်ပြု ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Han Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနေ လှမင်းဦး(ခ)လှကြီးအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် သစ်ပုတ်ပင် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၁ ရက်က သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၉ ဦးတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

မျိုးမင်းသူရ

## တောင်ကြီးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း



တောင်ကြီး မေ ၄

(၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၌ ကျင်းပရာ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှု အားပေးပြီး အားဖြည့် ဆေးဝါးများနှင့် အာဟာရဖြည့်အစားအစာများကို ပေးအပ်သည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့်စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ဇီးကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ဇီးကုန်း မေ ၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ဆွမ်းလောင်းဓမ္မာရုံတွင် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး သမိုင်းဝင်မြသိန်းတန်စေတီတော်မြတ်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။ ထို့ပြင် သောက်သုံးရေလိုအပ်လျက်ရှိသောနေရာများသို့ သွားရောက်၍ သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၀ | ၂၀၀၆ |
| 95 Ron | ၂၇၇၃ | ၂၀၆၂ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၉၄ |
| HSD (50 ppm) | ၂၀၀၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၀၀၂ | ၂၉၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၇၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရေသဲ့တောင်ကျေးရွာရှိ တိုးတက်မုန့်ဖုတ်ခြောက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များကို အခြေခံပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ အရည်အသွေးမြင့် ထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ အရည်အသွေးနှင့် ထုပ်ပိုးမှုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကြောင်ရေကျေးရွာအဝင်ရှိ မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့် တံတားအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားအမြန်ဆုံး ပြုပြင်နိုင်ရေးနှင့် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခွင့်မရှိစေရေးအတွက် သတိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စနစ်သွင်းလေ့ကျင့်နေမှု အခြေအနေများ၊ ကျောင်းအိပ်၊ ကျောင်းစား ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ သင်ကြားလေ့ကျင့်နိုင်ရေး အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများနှင့် ဆရာ ဆရာမများမှ စနစ်တကျကြီးကြပ် ဖြည့်ဆည်းဆောင်ရွက်ပေးရေး တို့ကိုမှာကြားပြီး ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၆)ရှိ တောင်သူဒေါ်သင်းသင်းခိုင်၏ နွေစပါးစိုက်ခင်းအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများအတွက် သရုပ်ပြဆောင်ရွက်ထားသည့် သဘာဝမြေဆွေးပုံများနှင့် တီကောင်မွေးမြူရေးကန်များအား ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်ရာခိုင်နှုန်းတိုးမြှင့်စိုက်ပျိုးနိုင်ရေး မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများဖြစ်သော ဥစားကြက်နှင့် ဆိတ်၊ နွားများကို ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူနိုင်ရေးတို့ကို မှာကြားသည်။



ထို့နောက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သဇင်(၅)အဆောင်များ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲအခမ်းအနားတက်ရောက်

ပုသိမ် မေ ၄

ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် မအူပင်ခရိုင် ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာ တောင်သူဦးညွန့်ဝင်း၏ လယ်ဧက ၅ ဒသမ ၇၈ ဧကတွင် ပြုလုပ်သည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များ ကြဲပက်ပေးသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ပြီး ခရိုင်၊ မြို့နယ် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက်ကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်သူများအား မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျ ထည့်သွင်း ဆောင်ရွက်နိုင်ရေး၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက် ဓနုဖြူလယ်ယာဝန်ဆောင်မှု စင်တာရုံးခန်း၌ ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ မိုးစပါးရာသီ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်သည့် တောင်သူများအား မျိုးစပါး၊ ဓာတ်မြေဩဇာ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက်၏ ဓနုဖြူအခြေပြု လက်ထောက်အထွေထွေမန်နေဂျာက ကန်ထရိုက်လယ်ယာဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မကွေး မေ ၄

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် မေ ၃ ရက် နံနက်ပိုင်းက မြို့သစ်မြို့နယ် နတ်ရွာကျေးရွာအနီး ဆင်ရိုးချောင်းနှင့် လေးတိုင်စင်ကျေးရွာအနီး ပေါင်းကူးချောင်းနှင့် မကွေးမြို့နယ် ကျောင်းဆောင်ကျေးရွာအနီးစလေချောင်းပေါ်ရှိ မြေအောက်တမံများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် မြို့သစ်မြို့နယ် နတ်ရွာကျေးရွာအနီး ဆင်ရိုးချောင်း၊ လေးတိုင်စင် ကျေးရွာအနီး ပေါင်းကူးချောင်းနှင့် မကွေးမြို့နယ် ကျောင်းဆောင် ကျေးရွာအနီး စလေချောင်းပေါ်ရှိ မြေအောက်တမံများ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြေအောက်တမံများ တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဒေသခံများအတွက် အကျိုးများသည့် မြေအောက်တမံ ခုနစ်ခုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ထိန်းသိမ်းရေး၊ တည်ဆောက်ရေး (၃)နှင့် တည်ဆောက်ရေး (၈) တို့မှ တာဝန်ယူဆောင်ရွက်လျက် ရှိပြီး မြေအောက်တမံများ တည်ဆောက်ပေးခြင်းဖြင့် မိုးရာသီ ရွာသွန်းသောမိုးရေများ ဝင်ရောက်လာမှုကို စုဆောင်းသိုလှောင်ထားနိုင်ကာ မြေအောက်တမံများ၏ အထက်၊ အောက်၊ ဘေး ဝဲ၊ ယာ ပတ်ဝန်းကျင်တွင် မြေအောက်ရေ မျက်နှာပြင် မြင့်တက်လာသည့်အတွက် တူးဖော်ပြီး ရေတွင်းများ ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မြေအောက်ရေ အစိုဓာတ်ဖြင့် ချောင်းတစ်လျှောက်နှင့် ပတ်ဝန်းကျင်တွင် စားပိုဆောင်သီးနှံများ စိုက်ပျိုးလာနိုင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး အချိန်တိုအတွင်း ချက်ချင်း အကျိုးရှိစေမည့် မြေအောက် တမံများ ဖြစ်သည့်အတွက် တည်ဆောက်ရေး တာဝန်ရှိသူများ အနေဖြင့် သတ်မှတ်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားကြိုးစား ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက်ရောက်လာသည့် ဒေသခံတောင်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မေးမြန်းကာ ဒေသခံများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ညီညာ

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ရှိ ယာယီခိုလှုံရာစခန်းမှ ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များထောက်ပံ့

မြစ်ကြီးနား မေ ၄

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် နယ်မြေ-၅ အတွင်းရှိ ဝါးဆားဒီကျေးရွာမှ ကိုယ်ပိုင်မြေကွက်များ ဝယ်ယူ၍ ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား ခရစ်တော်၏ အသင်းတော်ဘုရားကျောင်း၌ သွားရောက်တွေ့ဆုံအားပေးသည်။



ထိုသို့ တွေ့ဆုံစဉ် ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက ယာယီခိုလှုံရာစခန်းမှတစ်ဆင့် ပမ္မတီးနယ်မြေ (၇)အတွင်း ရွှေ့ပြောင်းနေထိုင်ရေး မြေကွက်များ ဝယ်ယူ၍ နေအိမ်ဆောက်လုပ်ခဲ့သည့် အခြေအနေများနှင့် နေအိမ်များအတွင်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က အိမ်ထောင်စု ၂၃ စု တို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၂၄ ပြည်ပါ ၂၃ အိတ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ဆီ ၂၀ ပိဿာနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စု ၂၃ စု၊ လူဦးရေ ၁၂၂ ဦးတို့အတွက် ဆန်ရိက္ခာ တစ်လစာအဖြစ် ငွေကျပ် ၂၄၄၀၀၀၀၊ ပြောင်းရွှေ့စရိတ်အဖြစ် ငွေကျပ် ၂၃၀၀၀၀၀နှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများအား အားပေးအမှာစကားပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်မြို့/ရွာများကို စွန့်ခွာတိမ်းရှောင်လာခဲ့ကြသော ရမ်ပူရပ်ကွက်အတွင်းရှိ ယာယီတိမ်းရှောင်စခန်းသို့ သွားရောက်ခဲ့ပြီး အိမ်ထောင်စုများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် စခန်းတာဝန်ခံများနှင့် စခန်းနေမိသားစုများက စခန်းအတွင်း သုံးရေ၊ ချိုးရေ လုံလောက်စွာရရှိရေးနှင့် လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အိမ်ထောင်စု ၄၄ စုတို့အတွက် ဆန် ၂၄ ပြည်ပါ ၄၄ အိတ်နှင့် ဆီ ၄၄ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများအနေဖြင့် ယခုလိုနေထိုင်မှုအပေါ် စိတ်ခတ်ခိုင်မာစွာဖြင့် ကျန်းကျန်းမာမာနေထိုင်၍ မိမိတို့နေရပ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခွင့်ရပါက မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစွမ်းကုန်ကြိုးစားဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်တွင် ယာယီနေရပ်စွန့်ခွာနေရသူများအား ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် မေ ၄

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်သို့ ပြောင်းရွှေ့ ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လောဟာနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူအိမ်ထောင်စု ၄၄၅ စု လူဦးရေ ၁၅၂၄ ဦးအတွက် တစ်ဦးလျှင် တစ်လ ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ဖေဖော်ဝါရီလနှင့် မတ်လ နှစ်လစာ ငွေကျပ်လေးသောင်းကျပ် စုစုပေါင်းငွေကျပ် ၆၀၉၆၀၀၀၀ ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

■



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဒုတိယအကြိမ် ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သော တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဒုတိယအကြိမ်ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၉၄)ရပ်ကွက် အိမ်ရာစီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ပေးအပ်ခဲ့ကြောင်းသိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၂၊ ၉၃၊ ၉၄)ရပ်ကွက်တို့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ၍ ပြောင်းရွှေ့ရောက်ရှိလာသည့် တိုက်ပွဲရှောင်ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သော တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဖေဖော်ဝါရီလနှင့် မတ်လ နှစ်လစာအတွက် စုစုပေါင်း ငွေကျပ် ၄၀၀၀၀ အား လူဦးရေ ၉၂၆ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

# မင်းဘူးမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

မင်းဘူး မေ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင်အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ကျွေးခြင်းများကို အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



**ထိုးနှံပေးလျက်ရှိ**

ထိုသို့ ထိုးနှံပေးရာတွင် မင်းဘူးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသည်းရောင်အသားဝါ(ဘီ)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ် ကာကွယ်ဆေး)၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှော (ရိုတာဗိုင်းရပ်(စ်) ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး၊ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေးစသည့် ကာကွယ်ဆေးများကို မင်းဘူး(စကု)မြို့နယ်အတွင်းမှ ရပ်ကွက်များနှင့် ကျေးရွာများရှိ ကျန်းမာရေးဌာနများတွင်လည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# မြစ်သားမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်

မြစ်သား မေ ၄

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် ကျန်းမာရေး ဆရာမများ၊ သားဖွားဆရာမများက မြို့ပေါ်ခြောက်ရပ်ကွက်မှ ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များ လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါမိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်း၌ ဆောင်ရွက်သည်။

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးရာ မြို့ပေါ်ခြောက်ရပ်ကွက်ရှိ မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ) ပိုး၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)နှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ



ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

နေရောင်အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို
ထိန်းသိမ်းစို့

# မိုးညှင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အောင်ချက်မြင့်မားရေး လေ့ကျင့်သင်ကြားပို့ချ



မိုးညှင်း မေ ၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အောင်ချက် မြင့်မားရေးအတွက် တက္ကသိုလ်ပါမောက္ခ (ဌာနမှူး) များနှင့် ဆရာ ဆရာမများက ပြန်လည်ပို့ချပေးခြင်းနှင့် Grade -12 သင် ဆရာ ဆရာမများနှင့် ကျောင်းသား မိဘ ကော်မတီဝင်များအား ယနေ့နံနက်ပိုင်းက အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများတွင် တာဝန်ရှိသူများမှ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲကို ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား အောင်ချက် မြင့်မားရေးအတွက် မိုးညှင်းတက္ကသိုလ်ရှိ သက်ဆိုင်ရာ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များနှင့် ဆရာ ဆရာမများက မေ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ပြန်လည်ဆွေးနွေးပို့ချလျက်ရှိရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာသင်ကြားလျက်ရှိသည်။ အဆိုပါ ဆွေးနွေးပို့ချနေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မိုးညှင်းတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများတွင် စခန်းသွင်းလေ့ကျင့်မည့် ကျောင်းသား ကျောင်းသူများအား အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် အောင်ချက်မြင့်မားနိုင်ရေးတို့အတွက် Grade -12 သင် ဆရာ ဆရာမများ၊ ကျောင်းသားမိဘ ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြရာ ၎င်းဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ရွှေမိုးညှင်း



# သဃ်န်းကျွန်းခရိုင်တွင် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ယဉ်ကျေးလိမ္မာ အခြေခံသင်တန်း ဆက်လက်သင်ကြား

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ အခြေခံယဉ်ကျေးလိမ္မာ အခမဲ့သင်တန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့နံနက်ပိုင်းက ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးမြင့်နှင့် ဒေါ်သိင်္ဂီဝင်းတို့က ကျောင်းသား ကျောင်းသူများ ဗုဒ္ဓဝင်စာပေ၊ ခင်ပွန်းကြီး၁၀ပါး၊ သရဏဂုံတည်ခြင်းအကျိုးများ၊ မျိုးဆက်သစ်လူငယ်များ ယဉ်ကျေးလိမ္မာစေရန်၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့်လူငယ်များ ဖြစ်လာစေရန်နှင့် ဗုဒ္ဓဘာသာဆိုင်ရာစာပေများကို ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၈ ရက်မှ မေ ၅ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နန်းယွန်းမြို့၌ တက္ကသိုလ်ဝင်တန်းပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားနိုင်ရေး ဆရာ ဆရာမများအား သင်တန်းပို့ချ



နန်းယွန်း မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်းယွန်းမြို့၌ တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများ ပြန်လည်သင်ကြားနိုင်ရေးအတွက် ဆရာ ဆရာမများအား သင်တန်းပို့ချသင်ကြားပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို မေ ၄ ရက်မှ ၉ ရက်အထိ မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများက နန်းယွန်းစာစစ်၊ ပန်ဆောင်စာစစ်၊ နည်းပြနှင့် အတန်းပိုင်ဆရာ ဆရာမများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းတက်ရောက်သည့် ဆရာ ဆရာမများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က နံနက်စာနှင့် ညစာများ စီစဉ်ပေးလျက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ညောင်ဦးမြို့နယ်အတွင်းရှိ ရေလှောင်တမံများ၊ ပုဂံခေတ်ရေကန်များအား ရေဝင်ရောက်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှု

ညောင်ဦး မေ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ရေလှောင်တမံနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပြန်လည်ဖော်ထုတ်ဆည်ယူပြုပြင်ထားသည့် ရှေးဟောင်းရေကန်များအတွင်း မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ရေဝင်ရောက်မှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ်အတွင်း မိုးရွာသွန်းမှုများကောင်းခြင်းနှင့်အတူ မြကန်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် မြကန်ရေပိုလွှဲမှ ရေကျော်ပါက ရေလမ်းကြောင်းအမှတ်(၂)အတွင်းသို့စီးဆင်းမည့် ရေလမ်းကြောင်းတစ်လျှောက်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများ ပြန်လည်တူးဖော်ခဲ့သည့် သဲစစ်ကန်နှင့် လေးထောင့်ကန်အပါအဝင် ပုဂံခေတ်ရေကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# ဟုမ္မလင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားရေးနှင့် လေ့ကျင့်ရေးစခန်းများဖွင့်လှစ်

ဟုမ္မလင်း မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား



ကျောင်းသူများအား ပြန်လည်သင်ကြားရေးနှင့် လေ့ကျင့်ရေးစခန်းကို ဟုမ္မလင်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းများ၌ Camp (၅)ခုဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာစုံ ဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၃၇၃ ဦးရှိပြီး ပြန်လည်သင်ကြားရေးကို Camp (၅) ခုဖြင့်၊ ဧပြီ ၂၈ ရက်ကစတင်ခဲ့၍ စခန်းဝင်လေ့ကျင့်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ သင်ကြားရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ကြီးကြပ်ပြီး ခရိုင်နှင့်မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများက အနီးကပ်စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် Basic English Grammar & Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 9

ယခင်တစ်ပတ်က Present Perfect Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Wh questions မေးခွန်းများပြုလုပ်နည်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Unit 4

Lesson 3: What did you do yesterday?

Wh questions မေးခွန်းပြုလုပ်နည်း

(1) Who = လူပုဂ္ဂိုလ်ကို မေးသည်။ (Subject ကိုရော Object ကိုပါ မေးနိုင်သည်။)
e.g. U Kyaw bought a new car yesterday.
Who bought a new car yesterday?
e.g. He saw Ko Min this morning.
Who did he see this morning?

(2) whom = လူပုဂ္ဂိုလ် (Object) ခံရသူကိုမေးသည်။
e.g. We select Aung Aung as our team leader.
Whom do you select as our team leader?
e.g. Mee Lay hated Ko Moe.
Whom did Mee Lay hate?

(3) whose = ပိုင်ဆိုင်မှုကို မေးသည်။
e.g. This is Mya Mya's dictionary.
Whose dictionary is this? (or) Whose is this dictionary?

(4) what = လူမဟုတ်သည့် (အရာဝတ္ထု၊ တိရစ္ဆာန်) Subject သို့မဟုတ် Object ကိုမေးနိုင်သည်။
e.g. I like apples.
What do you like? (Object ကိုမေးသည်။)
e.g. Eating too much makes us ill.
What makes us ill? (Subject ကိုမေးသည်။)
e.g. I am a teacher.
What are you? (or) What do you do? (အလုပ်အကိုင်ကို မေးသည်။)

(5) which = ရွေးချယ်မှုကို မေးသည်။
e.g. I like red among these colours.
Which colour do you like most?

(6) where = နေရာကို မေးသည်။
e.g. Father is reading the newspaper in the living room.
Where is father reading the newspaper?
e.g. The boys are swimming in the pond.
Where are the boys swimming?
e.g. They are on the bus.
Where are they?

(7) when = အချိန်ကိုမေးသည်။
e.g. I get up at about 6 o'clock every morning.
When do you get up every morning?
e.g. I do my homework at 7 p.m. every day.
When do you do homework every day?
e.g. Mother went to market as soon as I got up.
When did mother go to market?

(8) Why = ဘာကြောင့်လဲ။ (အကြောင်းပြချက် (သို့မဟုတ်) ရည်ရွယ်ချက်ကို မေးသည်။
e.g. The headmaster awarded the students because they are outstanding.
Why did the headmaster award the students?
e.g. Myo Myo brought the rose flower to school to give it to her class teacher.
Why did Myo Myo bring the rose flower to school?

(9) How = ဘယ်လိုလဲ။ (ပြုမူဆောင်ရွက်ပုံကို မေးသည်။ )
e.g. We go to school by bus.
How do you go to school?
e.g. Min Min played football together with his friends happily.
How did Min Min play football?
e.g. Mother cooks meals very well.
How does mother cook meals?

(10) How much = ပမာဏကို မေးသည်။
e.g. There is some milk in the bottle.
How much milk is there in the bottle?
e.g. We have got ten minutes to finish this work.
How much time have you got to finish this work?

(11) How many = အရေအတွက်ကို မေးသည်။
e.g. There are 50 students in the class.
How many students are there in the class?
e.g. There are over 1000 books at the school library.
How many books are there at the school library?

(12) How long = ကြာချိန်ကို မေးသည်။
e.g. I have been living in Tatkon since 2009.
How long have you been living in Tatkon?
e.g. They have been here for twenty minutes.
How long have they been here?

(13) How often = အကြိမ်အရေအတွက်ကိုမေးသည်။
e.g. She visits her granny twice a week.
How often does she visit her granny?
e.g. He plays tennis every day.
How often does he play tennis?

(14) How far = အကွာအဝေးကို မေးသည်။
e.g. Our house is 10 miles far from here.
How far is your house from here?

(15) How old = အသက်ကိုမေးသည်။
e.g. I am 14 years old.
How old are you?
e.g. My sister is 12.
How old is your sister?

(16) What time = အချိန်ကိုမေးသည်။
e.g. Father leaves for office at 8 o'clock.
What time does father leave for office?
e.g. I go to bed at 10 p.m. every day.
What time do you go to bed every day?

Exercise (A) Fill in the blanks with one of the following Wh question words.

What, When, Where, Why, Who, How

1. __________ are my keys?
2. __________ is the problem?
3. __________ is your favourite filmstar?
4. __________ is your birthday?
5. __________ old are you?
6. __________ is your phone number?
7. __________ are you from?
8. __________ is your best friend?
9. __________ is your e-mail address?
10. __________ are you? I am fine, thanks.
11. __________ is she crying? Because she is sad.
12. __________ old is your cat?
13. __________ is the bus-stop?
14. __________ is your uncle from?
15. __________ are you so happy? Because I pass the exam.
16. __________ is your brother sick? He is still sick.
17. __________ are you late? Because of the traffic.
18. __________ colour are your eyes?
19. __________ do you visit your grandparents?
20. __________ is your English teacher?

*******************

## Grade 10

ယခင်တစ်ပတ်က Subject and Predicate အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Either ... or (တစ်ခုမဟုတ် တစ်ခု) နဲ့ Neither ... nor (နှစ်ခုစလုံးမဟုတ်) အကြောင်းတို့ကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Either---or (တစ်ခုမဟုတ်တစ်ခု)

The correlative conjunction, ' either ---- or ' has a positive meaning and is used to offer a choice between two things. (မတူတာနှစ်ခုရှာ၊ နှစ်ခုထဲကတစ်ခုမဟုတ်တစ်ခုကို ဖြစ်စေတယ်။)

### Neither---nor (နှစ်ခုထဲကတစ်ခုမှမဟုတ်)

The correlative conjunction, ' neither ---- nor ' has a negative meaning and is used to negate both parts of a statement. It means not one and not the other. (မတူတာနှစ်ခုရှာ၊ နှစ်ခုထဲက တစ်ခုမှ မဟုတ်ကြောင်းအငြင်းအဓိပ္ပာယ်ကို ဖြစ်စေတယ်။ )

Note: မတူတာနှစ်ခုရှာ၊ တူတာတစ်ခါပဲရေး
either မတူတာတစ်ခု or မတူတာတစ်ခု
neither မတူတာတစ်ခု nor မတူတာတစ်ခု
Sub နှစ်ခုမတူရင် Verb နဲ့ညီတဲ့အခါ or / nor နောက်က sub နဲ့ညီပါ။
neither ... nor နဲ့ဆက်ရင် မေးခွန်းထဲကအငြင်းဖြုတ်၊ and, too, also ဖြုတ်။
* အငြင်းအုပ်စု (no, not, never, un+adj, dis+verb)

Study the following sentences.

1. You can meet me at home. You can meet me at the office.
(2 adverb phrases are linked.)
(မတူတာနှစ်ခုရှာတော့ at home နဲ့ at the office။ တူတာက You can meet me တစ်ခါပဲရေးမယ်။)
You can meet me either at home or at the office.

2. My brother waters the plants today. His friends water the plants today.
(မတူတာက Subject နှစ်ခု My brother နဲ့ His friends ။ တူတာက water the plants today တစ်ခါပဲရေးမယ်၊ Verb နဲ့ ညီတဲ့အခါ or နောက်က sub နဲ့ညီပါ။)
Either my brother or his friends water the plants today.
(2 subjects are linked.)

3. If mum does not come to pick you up this afternoon, dad will do it.
(မတူတာက sub နှစ်ခု mum နဲ့ dad ။ တူတာက come to pick you up this afternoon တစ်ခါပဲရေးမယ်အဓိပ္ပာယ်အရ အငြင်းဖြုတ်၊ will V1 နဲ့ရေးမယ်။)
Either mum or dad will come to pick you up this afternoon.
(2 subjects are linked.)

4. He can't read well or the passage is very difficult.
(မတူတာနှစ်ခုရှာတော့ စာတစ်ကြောင်းလုံးမတူတာ။ either စာတစ်ကြောင်း or စာတစ်ကြောင်းရေးမယ်။)
Either he can't read well or the passage is very difficult.
(2 sentences are linked.)

5. The blue blouse is not available in size 4. The red one is not available in size 4.
(မတူတာက sub နှစ်ခု The blue blouse နဲ့ The red one။ တူတာက is not available in size 4 တစ်ခါပဲရေးမယ် အဓိပ္ပာယ်အရ အငြင်းဖြုတ်၊ Verb နဲ့ညီတဲ့အခါ nor နောက်က sub နဲ့ညီပါ။)
Neither the blue blouse nor the red one is available in size 4.(2 subjects are linked.)

6. I will not call you after midnight. I will not send you a message after midnight.
(မတူတာနှစ်ခုက call you နဲ့ send you a message ။ တူတာက I will------after midnight တစ်ခါပဲရေးမယ်အဓိပ္ပာယ်အရ အငြင်းဖြုတ်။)
I will neither call you nor send you a message after midnight.
(2 predicates are linked.)

Note: စာကြောင်းအလယ်မှာ and so helping verb / and either helping verb / and neither helping verb နှင့်ဆက်ထားရင် မတူတာနှစ်ခုက ရှေ့ဆုံးနဲ့ နောက်ဆုံးမှာရှိတဲ့ sub နှစ်ခု။ as well as နဲ့ဆက်ထားရင် မတူတာနှစ်ခုက as well as ၏ရှေ့နောက်ကပ်လျက်နှစ်ခု။)

7. Mg Mg does not solve the problem and neither does Mg Ba.
Neither Mg Mg nor Mg Ba solves the problem

8. She as well as I does not go to school.
Neither she nor I go to school.

(A) Join the two sentences in each item, using 'either---or' or 'neither---nor'.

1. If she doesn't go away. I will go away.
2. She is to inform me or you are to inform me about it.
3. Do as you are told, otherwise you will be punished.
4. The laser is used in surgical operations. If not, the knife is used in surgical operations.
5. If you don't sit quietly, you will have to leave the room.

(ဆက်လက်ဖော်ပြပါမည်)
စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 11

**ယခင်တစ်ပတ်က Present Simple Tense နှင့် Present Continuous Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Present Perfect Tense နှင့် Present Perfect Continuous Tense အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

**Answers**

**Present Simple Tense (or) Present Continuous Tense**

(A) 1. cooks; 2. are you doing, am washing; 3. is not writing; is playing; 4. drink, am drinking; 5. is singing, likes; 6. has, does not like; 7. helps, does; 8. are you going, am going; 9. do you swim; 10. is swimming; 11. are studying; 12. does he usually get up, gets up, is still sleeping; 13. buys; 14. is writing; 15. am reading;

*********************

**Present Perfect Tense (has, have + V3)**

*** လုပ်ရပ်တစ်ခုပြီးဆုံးကြောင်းဖော်ပြပြောဆိုသည့်အခါတွင် သုံးသည်။**

e.g. I **have read** three books so far this month. (ဒီလအတွင်း ကျွန်တော် စာအုပ်သုံးအုပ်ဖတ်ပြီးသွားပြီ။)

She **has not sent** the parcel yet. (သူ အခုထိတိုင် ပါဆယ်မပို့ရသေး။)

**Have** you **booked** air tickets for the trip? (ခရီးစဉ်အတွက် လေယာဉ်လက်မှတ်တွေ ကြိုတင်မှာယူထားသလား။)

*** ဖြတ်သန်းခဲ့သည့်ဘဝတစ်လျှောက်တွင် တစ်စုံတစ်ရာ လုပ်ဖူးကြောင်း၊ မလုပ်ဖူးကြောင်း ပြောဆိုသည့်အခါတွင် သုံးသည်။**

e.g. I **have been to** Thailand twice. (ကျွန်တော် ထိုင်းနိုင်ငံကို နှစ်ကြိမ်ရောက်ဖူးတယ်။)

She **has never tried** a seafood cocktail. (ပင်လယ်စာကော့တေးကို သူမစားဖူးပါ။)

**Have** you ever **sailed** across the Andaman Sea? (မြေထဲပင်လယ်ကိုဖြတ်ပြီး ရွက်လွှင့်ဖူးသလား။)

**• အကြောင်းကိစ္စတစ်ခုသည် အတိတ်တစ်ချိန်မှစတင်ပြီး ယခုစကားပြောသည့်အချိန်ထိတိုင် ဖြစ်ပျက်လျက်ရှိကြောင်း ဖော်ပြပြောဆိုရာတွင် သုံးသည်။ (ကြာမြင့်ချိန် သို့မဟုတ် စတင်ချိန်ကို ဖော်ပြသည်။)**

e.g. I **have lived** in Yangon for more than 15 years. (ကျွန်တော် ရန်ကုန်မှာ နေတာ ၁၅ နှစ်ရှိပြီ။)

The two friends **have not talked** to each other since their quarrel. (သူငယ်ချင်းနှစ်ယောက် စကားမပြောကြတာ သူတို့စကားများကြပြီးကတည်းက။)

How long **has** Uncle Zaw **been** in that job? (အန်ကယ်ဇော် အဲ့ဒီအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ။)

**Present Perfect Continuous (has, have + been + Ving)**

• သတ်မှတ်ထားသည့် အချိန်ကာလအပိုင်းအခြားတစ်ခုလုံး လုပ်ရပ်တစ်ခုကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြပြောဆိုရာတွင်သုံးသည်။

e.g. Mom is still in the kitchen; she **has been cooking** all morning. (မေမေ မီးဖိုချောင်ထဲမှာ ရှိနေတုန်းပဲ။ တစ်မနက်ခင်းလုံး ချက်ပြုတ်နေတာ။)

What **have** you **been doing** these days? (ဒီရက်တွေမှာ ဘာတွေလုပ်နေတာလဲ။)

• လုပ်ရပ်တစ်ခုသည် အတိတ်တစ်ချိန်တွင် စတင်ပြီး ယခုစကားပြောသည့်အချိန်အထိ ဆက်လက်ဖြစ်ပျက်နေကြောင်း ဖော်ပြပြောဆိုသည့်အခါတွင် သုံးသည်။

e.g. U Min Maung **has been working** at that company since 2010. (ဦးမင်းမောင် ဒီကုမ္ပဏီမှာ အလုပ်လုပ်နေတာ ၂၀၁၀ ခုနှစ်ကတည်းကပါ။)

How long **have** you **been sitting** here? (မင်းဒီမှာထိုင်နေတာ ဘယ်လောက်ကြာပြီလဲ။)

(မှတ်ချက်။ Present Perfect Continuous ကို learn, lie, live, rain, sit, sleep, stand, study, wait, etc... စသည့်ကြိယာများဖြင့် များသောအားဖြင့်ယှဉ်တွဲဖော်ပြလေ့ရှိသည်။)

နောက်တစ်ခုမှတ်သားရမှာက

Present Perfect Tense နဲ့ present Perfect Continuous Tense က ကွဲပြားခြားနားမှုရှိသည်။

e.g. I **have painted** this room. Doesn't it look better? (ငါ ဒီအခန်းကို ဆေးသုတ်ပြီးပြီ။ မလှသွားဘူးလားဟင်။)

e.g. I **have been painting** this room. It will look good when it is finished. (ဒီအခန်းကို ဆေးသုတ်နေတာ။ ဆေးသုတ်ပြီးရင် သိပ်လှသွားမှာပဲ။)

<u>Time expressions for present perfect tense</u>

- **ever, never, already, yet, just, so far, recently, lately, since, for, up to now, until now.**

<u>Time expressions for present perfect continuous tense</u>

- **Since + point in time** (e.g., I **have been studying** since morning.)
- **For + duration** (e.g., They **have been waiting** for an hour.)
- **Lately / Recently** (e.g., He **has been exercising** a lot lately.)
- **All day / All morning / All week** (e.g., She **has been working** all day.)
- **How long…?** (e.g., How long **have** you **been learning** English?)

**(A) Fill in the blanks with the correct uses of tenses: <u>Present Prefect or Present Perfect Continuous Tense.</u>**

1. Zaw Lay ____________(read) the book all afternoon.
2. We ____________ (call) him for hours.
3. Ma Sein, how many starflowers _______________ (pick)?
4. My brother is very tired now. He ___________ (work) hard.
5. She _____________ (study) hard. She will take an exam tomorrow.
6. Dinner is ready. Mum ____________ (cook) a good meal for us.
7. We ____________ (run) 4,000 meters.
8. How long _________ he ___________ (wait) for the bus?
9. The boys ______________ (fight) since I have been here.
10. My father _____________ (visit) many different countries.
11. We ____________ (visit) Bagan twice.
12. It ______________ (rain) heavily for hours.
13. Someone _____________ (steal) my wallet.
14. I _______________ (write) a letter since morning.
15. They ______________ (buy) a new house.
16. We ____________ (have) a computer since the year 2022.
17. He ____________ (wear) that red shirt for five days.
18. She ______________ (put) on make-up since 7 o'clock.
19. Daw Lay ________________ (watch) the Korean film since last three days.
20. The police ______________ (catch) the thief.

**********************

## Grade 12

ဒီတစ်ပတ်မှာ Relative Clauses အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

**Relative clauses**

e.g. (5) **We donated some money to an old woman. Her son was injured in a car accident.** ငါတို့ အဘွားအိုတစ်ယောက်ကို ပိုက်ဆံနည်းနည်းလှူခဲ့တယ်။ သူ့ရဲ့သားက ကားမတော်တဆမှုမှာ ထိခိုက်ဒဏ်ရာရရှိခဲ့တယ်။ ဒီဝါကျနှစ်ကြောင်းမှာ ထိခိုက်ဒဏ်ရာရရှိခဲ့တာက အရင်ဖြစ်ဝါကျဖြစ်လို့ ဒီဝါကျကို clause လုပ်ရမယ်။ Her son က ပိုင်ဆိုင်ခြင်းဖြစ်နေတယ်။ ဒါကြောင့် whose noun + Verb ပုံစံနဲ့ ရေးရမယ်။ ဒီတော့ whose son was injured in a car accident ဆိုပြီး relative clause ဖြစ်သွားပါတယ်။ အဲဒီ relative clause ကို သက်ဆိုင်တဲ့ အဘွားအိုအနောက်မှာ ကပ်ရေးရမယ်။ နှစ်ကြောင်းပေါင်းရေးတော့ Ans: We donated some money to an old woman **<u>whose son was injured in a car accident.</u>** သူ့သား ကားမတော်တဆမှုမှာ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ အဘွားအိုကို ငါတို့ ပိုက်ဆံနည်းနည်းလှူခဲ့တယ်။ ဆိုပြီး ဖြစ်သွားပါတယ်။

(whose Noun ကို ဘာသာပြန်တဲ့အခါ "သူ့ရဲ့…." ဆိုပြီးအရင်ဆုံး ဘာသာပြန်ဆိုရပါတယ်။ ဥပမာ။ ။ A man **<u>whose daughter is hardworking</u>** is U Aung. ဆိုရင် သူ့သမီးစာကြိုးစားတဲ့ လူကြီးသည် ဦးအောင်ဖြစ်သည်။ နောက်ထပ် ဥပမာ။ ။ A woman whose mangoes we ate is stingy. သူ့သရက်သီးတွေ ငါတို့စားလိုက်တဲ့ မိန်းမကြီးသည် ကပ်စေးနှဲသည်။)

e.g. (6) **I will never forget the day. I met you on that day.** ငါဒီနေ့ကို ဘယ်တော့မှ မမေ့ဘူး။ ငါမင်းကို အဲဒီနေ့မှာ တွေ့ခဲ့တယ်။ ဒီဝါကျနှစ်ကြောင်းမှာ တွေ့တာက အရင်ဖြစ်တဲ့ဝါကျ။ ဒါကြောင့် ဒီစာကြောင်းကို clause လုပ်ရမယ်။ on that day က the day ကို အစားသုံးထားတယ်။ အချိန်ပြဖြစ်တယ်။ clause လုပ်တော့ when Sub + Verb ပုံစံနဲ့ဆက်ပေးရမယ်။ ဒီတော့ the day when I met you ဆိုပြီး clause ပုံစံဖြစ်သွားတယ်။ နှစ်ကြောင်းပေါင်းရေးတော့ I will never forget the day **<u>when I met you.</u>** ငါမင်းကို တွေ့ခဲ့တဲ့နေ့ကို ဘယ်တော့မှ မမေ့ဘူး။ ဆိုပြီး ဖြစ်သွားတယ်။

e.g. (7) **He has gone back to the village. He was born in that village.** သူ ရွာကို ပြန်သွားပြီ။ သူ့ကို အဲဒီရွာမှာ မွေးဖွားခဲ့တယ်။ ဒီဝါကျနှစ်ကြောင်းမှာ မွေးဖွားခဲ့တာက အရင်ဖြစ်ဝါကျ။ ဒါကြောင့် ဒီဝါကျကို clause လုပ်ရမယ်။ clause လုပ်တော့ in that village က the village ကို အစားသုံးထားတယ်။ in that village က နေရာပြဖြစ်တယ်။ ဒါကြောင့် where Sub + Verb ပုံစံနဲ့ရေးရမယ်။ ဒီတော့ where he was born ဆိုပြီးဖြစ်သွားတယ်။ ဝါကျနှစ်ကြောင်းပေါင်းလိုက်တော့ He has gone back to the village **<u>where he was born.</u>** သူ့ကို မွေးဖွားခဲ့တဲ့ရွာကို သူပြန်သွားတယ်။ ဆိုပြီး ဖြစ်သွားပါတယ်။

ဒီနမူနာတွေအားလုံးက **Defining clause** တွေဖြစ်ပါတယ်။ Relative clause မှာ Defining clause နဲ့ Non – defining clause ဆိုပြီးနှစ်မျိုး ရှိပါတယ်။

> **Defining clause မှာ**
> - who, whom, which, that, whose ကို သုံးရတယ်။
> - (,) ထည့်လို့မရ။
> - မပါရင်မဖြစ်တဲ့အကြောင်းအရာ (Essential information) ဖြစ်ရမယ်။
>
> **Non-defining clause မှာ**
> - who, whom which, whose ကိုသုံးရတယ်။
> - that သုံးလို့မရ။
> - (,) ထည့်ပေးရမယ်။
> - မပါလည်းဖြစ်တဲ့အကြောင်းအရာ (Extra information) ဖြစ်ရမယ်။

(Non-defining clause ကို ကိုယ်ပိုင်နာမ် (proper noun) တစ်ဦးတစ်ယောက်တည်းနဲ့သက်ဆိုင်တဲ့နာမည်တွေ၊ မျိုးတူမရှိတဲ့အရာတွေနဲ့ ပြောသူ နားထောင်သူ နှစ်ဖက်စလုံး သိရှိနားလည်ပြီးသားဖြစ်တဲ့ အရာတွေကို အထူးပြုတဲ့အခါမှာ သုံးရပါတယ်။)

**e.g. (1) A woman answered the phone. She told me you were out.**

A woman **<u>who answered the phone</u>** told me you were out. ဒီဝါကျမှာ ဘာလို့ Defining clause နဲ့ဆက်ရတာလဲဆိုရင် **<u>ဖုန်းဖြေခဲ့သော</u>** ဆိုတဲ့ဝါကျပိုင်းမပါရင် အထူးပြုခံရတဲ့ အမျိုးသမီးက အဓိပ္ပာယ်မပြည့်စုံလို့ဖြစ်ပါတယ်။ A woman မိန်းမကြီးတစ်ယောက်ဆိုရင် ပေါ်လွင်မှုမရှိသေးဘူး။ ဖုန်းကိုင်ခဲ့တဲ့ မိန်းမကြီးလို့ရေးမှ ပေါ်လွင်သွားမှာပါ။ ဒါကြောင့် who answered the phone ဆိုပြီး Defining clause နဲ့ဆက်ရတာပါ။

e.g.(2) **We met a salesgirl at Super One. She was very impatient.**

A salesgirl **<u>whom we met at Super One</u>** was very impatient. ဒီဝါကျမှာ အရောင်းစာရေးမ တစ်ဦးဆိုရင် ပေါ်လွင်မှုမရှိပါဘူး။ ငါတို့ တွေ့ခဲ့တဲ့ဆိုတဲ့ clause ကိုထည့်မှ ပေါ်လွင်မှုရှိမှာပါ။ သူ့နေရာမှာ ကိုယ်ပိုင်နာမည်ဖြစ်နေရင်တော့၊ ဆိုပါစို့ ဖြူဖြူ၊ မမ တို့ဖြစ်နေရင်တော့ Non-defining clause နဲ့ဆက်ပေးရမှာပါ။ ဥပမာ။ ။ Phyu Phyu, who we met at Super One, was very impatient. ဆိုပြီး ဆက်ပေးရမှာဖြစ်ပါတယ်။ အခုဟာက ကိုယ်ပိုင်နာမည်မဟုတ်ဘူး။ သူ့ချည်းသက်သက် ပေါ်လွင်မှုမရှိတဲ့အတွက်ကြောင့် clause ကိုထည့်မှ အဓိပ္ပာယ်ပေါ်လွင်မှာဖြစ်လို့ defining clause နဲ့ဆက်ရတာဖြစ်ပါတယ်။

e.g.(3) **Our village pagoda has been rebuilt. It was destroyed by an earthquake.**

Our village pagoda **<u>which/that was destroyed by an earthquake</u>** has been rebuilt. ငလျင်ကြောင့်ပျက်စီးခဲ့တဲ့ ငါတို့ရွာဘုရားကို ပြန်ပြုပြင်ပြီးပါပြီ။ ဒီဝါကျမှာ **ငလျင်ကြောင့်ပျက်စီးခဲ့တဲ့**ဆိုတဲ့ clause ဝါကျပိုင်းမပါရင် အဓိပ္ပာယ်မပြည့်စုံဘူး။ ဒါကြောင့် Defining clause နဲ့ဆက်ပေးရပါတယ်။

e.g. (4) **Did you receive the postcard? I sent it from Singapore.**

Did you receive the postcard **<u>which I sent from Singapore</u>**. စင်ကာပူက ငါပို့လိုက်တဲ့ ပို့စ်ကတ် မင်းရလား။ ဒီဝါကျမှာ စင်ကာပူက ငါပို့လိုက်တဲ့ဆိုတဲ့ ဝါကျပိုင်းမပါရင် ပို့စ်ကတ်က အဓိပ္ပာယ်မပြည့်စုံလို့ Defining clause နဲ့ဆက်ပေးရပါတယ်။

e.g.(5) **We donated some money to an old woman. Her son was injured in a car accident.**

We donated some money to an old woman whose son was injured in a car accident. သူ့သား ကားမတော်တဆမှုမှာ ထိခိုက်သွားတဲ့ အဘွားအိုတစ်ယောက်ကို ငါတို့ ပိုက်ဆံနည်းနည်းလှူခဲ့တယ်။ ဒီဝါကျမှာ သူ့သားကားမတော်တဆမှုမှာ ထိခိုက်သွားတဲ့ ဆိုတဲ့ clause ဝါကျပိုင်းမပါရင် အဘွားအိုတစ်ယောက်ဆိုတာ အဓိပ္ပာယ်မပေါ်လွင်လို့ Defining clause နဲ့ ဆက်ပေးရပါတယ်။

**အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။**

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် လေးလတာကာလအတွင်း ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည် ၂၅ သိန်းကျော် လာရောက်ဖူးမြော်

ရန်ကုန် မေ ၄

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလတာကာလအတွင်း ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည် ၂၅ သိန်းကျော် လာရောက်ဖူးမြော် ကြည်ညိုကြကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၄၆၁၄၆ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၂၅၅၀၁ ပါး၊ အမျိုးသား ၁၀၉၀၇၃၃ ဦး၊ အမျိုးသမီး ၁၃၁၀၉၀၉ ဦး၊ နိုင်ငံခြားသား ၁၃၀၅၅ ဦး၊ နိုင်ငံခြားသူ ၁၅၀၈၁ ဦး စုစုပေါင်း ၂၅၀၁၄၂၅ ဦး ဖြစ်သည်။



အဆိုပါ လေးလတာကာလတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များ၌ တစ်ရက်လျှင် အနည်းဆုံးလူဦးရေ တစ်သောင်းဝန်းကျင်မှ လေးသောင်းဝန်းကျင်အထိ လာရောက်ကြပြီး လအလိုက်အများဆုံးဝင်ရောက်မှုမှာ အများပြည်သူရုံးပိတ်ရက်များဖြစ်သည့် ဇန်နဝါရီ ၁ ရက် (နိုင်ငံတကာနှစ်သစ်ကူးနေ့)တွင် ရဟန်းသံဃာ ပြည်သူ ၄၂၆၁၄ ဦး၊ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ၃၂၆၇၅ ဦး၊ ဖေဖော်ဝါရီ ၉ ရက် (တနင်္ဂနွေနေ့)တွင် ၄၄၅၉၀၊ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ၄၃၆၇၆ဦး၊ မတ် ၂ ရက်(တောင်သူလယ်သမားနေ့) တွင် ၈၈၆၃၅ ဦး၊ မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့) တွင် ၁၀၆၉၄၉ ဦး၊ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း တစ်ရက်နေ့)တွင် ၁၀၃၀၉၆ ဦး၊ ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ၂၅၃၀၁ ဦးတို့ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများ အဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ နံနက် ၅ နာရီ မှ ည ၉ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိရာမှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစကာ ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသော ရန်ကုန် – ပုသိမ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်းဆုံရှိ ကနောင်မင်းသားကြီး လမ်းဖြတ် အလျား ၁၁၀ x အကျယ် ၁၂ x အနက် ၁၂ ပေ RC Box Culvert ဆောင်ရွက်နေမှု၊ ညောင်တုန်းလမ်းနှင့် တပင်ရွှေထီးလမ်းဆုံရှိ တပင်ရွှေထီးလမ်းဖြတ် အလျား ၁၆၀ x အကျယ် ၁၂ x အနက် ၁၂ ပေ RC Box Culvert ဆောင်ရွက်နေမှု၊ ရန်ကုန် – ပုသိမ်လမ်းနှင့် မကွေးရာမင်းသားကြီးမောင်ပြိုး လမ်းဖြတ် အလျား ၁၁၀ x အကျယ် ၁၂ x အနက် ၁၂ ပေ RC Box Culvert ဆောင်ရွက်နေမှု၊ ရန်ကုန်-ပုသိမ်လမ်းဝဲ/ယာတွင် အလျားပေ ၁၆၂၀၀၊ အကျယ် ၁၂ ပေရှိ လူသွားစင်္ကြံ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူသွားစင်္ကြံကို အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရန်၊ ရေစီးရေလာ ကောင်းမွန်စေရန်နှင့် လမ်းဘေးတွင် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိရန် စသည်တို့ကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ရန်ကုန်(အနောက်ပိုင်း) နည်းပညာတက္ကသိုလ် အဝင်လမ်းနှင့် ကျောင်းပတ်လမ်းများကို ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် မေ ၄

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့၏ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။



စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ Book Club အဖွဲ့ဥက္ကဋ္ဌ စာရေးဆရာနေစိုးသော်၊ Book Club အဖွဲ့ဝင်များဖြစ်ကြသော စာရေးဆရာ သက်ဝေမောင်၊ စာရေးဆရာ ထီလာကျော်၊ မသက်နှံ၊ သက်နှင်းညိုတို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များက စာရေးဆရာ မောင်ရင့်မာ (ကျောင်းကုန်း)၏ "ဂုဏ်သိက္ခာ တရားခွင်နှင့် ဝတ္ထုတိုများ" စာအုပ်ပါ အကြောင်းအရာများနှင့် ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ဆရာသက်ဝေမောင်က ယနေ့လူငယ်များအနေဖြင့် ယင်းစာအုပ်ကို ဖတ်ရှုလေ့လာသင့်ကြောင်း၊ ဂုဏ်သိက္ခာတရားအဓိပ္ပာယ်နှင့် မြင့်မြတ်စိတ်ဓာတ်ထားတတ်စေရန်၊ စာဖတ်ခြင်း စာဖတ်ဝိုင်းကျင်းပခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားရရှိကာ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ပြီး အချိန်ကိုတန်ဖိုးရှိစွာ အသုံးပြုတတ်သည့် လူငယ် လူရွယ်များဖြစ်စေလိုကြောင်း စသည်ဖြင့် ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာမိုး**

# ညောင်ရွှေမြို့နယ် သမဝါယမအသင်းများသို့ တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု

တောင်ကြီး မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာရှိ ခိုင်စံပယ်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းနှင့် သလဲဦးကျေးရွာရှိ ရောင်နီဦးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ သွင်းအားစုများရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် အဆိုပါအသင်းများမှ လျှော်ကြေးသင့်ခဲ့သော သမဝါယမအသင်းသားပြည်သူများအား အဝတ်အထည်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သုံးခွမြို့၌ ကန်သာယာကန် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

သုံးခွ မေ ၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ရှိ အများပြည်သူသောက်သုံးရေအားထားရသော ကန်သာယာကန်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ရေကန်သည် အမှတ် (၈) (၉) (၁၀)ရပ်ကွက်တို့သို့ ရေပိုက်လိုင်းဖြင့်အိမ်တိုင်ရာရောက် သောက်သုံးရေဖြန့်ဝေပေးနေသော ရေကန်ဖြစ်ပြီး နှစ်ကာလကြာလာသည်နှင့်အမျှ နုန်းမြေများပို့ချမှုကြောင့် ကန်ကောလာသဖြင့် နောင်နှစ်များတွင် သောက်သုံးရေပိုမိုသိုလှောင်သုံးစွဲနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ကာ စက်ယန္တရား၊ မြေသယ်ယာဉ်များ အသုံးပြု၍ ပြန်လည်တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

သုံးခွမြို့ပေါ်၌ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကန်ပေါင်း ၅၈ ကန်ရှိပြီး ထိုအထဲတွင် ရေပေးဝေရေးကန်၊ ငါးကန်၊ ရေကူကန် ခြောက်ကန်ပါရှိကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# အင်္ဂါလေးတန်နှင့် ညီညွတ်စွာ စကားပြောဆိုပါ

မြန်မာ့လူမှုနယ်ပယ်တွင် စကားပြောဆိုဆက်ဆံရာ၌ စကားအရာ အင်္ဂါလေးတန်နှင့်ညီညွတ်အောင် ပြောဆိုသင့်သည်ဟု ဆိုပါသည်။ ထိုအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက "ပြောက ပြေပြစ်၊ ချစ်နှစ်လိုရန်၊ ဟုတ်မှန်ဖြောင့်သား၊ တရားညီစွာ၊ နီတိလာတိုင်း၊ အင်္ဂါလေးပုံ၊ ပြည့်စုံစကား၊ ခိုင်တည်ကြား၍" ဟု မဃဒေဝလင်္ကာသစ်ကြီးတွင် ဖွဲ့ဆိုခဲ့သည်။ စကားအရာ အင်္ဂါလေးတန်နှင့် ပြည့်စုံသောစကားသည် တည်ကြည်ခိုင်ခံ့သောစကားဖြစ်ပြီး လူမှုဆက်ဆံရေး အဆင်ပြေအောင်မြင်နိုင်ပုံကို ဆိုလိုခြင်းဖြစ်သည်။

ညွန့်ဝင်း (နတ်တလင်း)

စကားပြောဆိုရာတွင် ပြည့်စုံရမည့် အင်္ဂါလေးတန်မှာ သုဘာသိတ - ကောင်းသောစကားကို ပြေပြစ်စွာ ပြောဆိုခြင်း၊ ပိယဝါစာ-ချစ်ခင်နှစ်သက်ဖွယ်သောစကားကို ပြောဆိုခြင်း၊ သစ္စာ- ဟုတ်မှန်သော စကားကိုသာ ပြောဆိုခြင်း၊ ဓမ္မ-တရားသဖြင့် ပြောဆိုခြင်းတို့ ဖြစ်ပါသည်။

**မှန်ကန်အကျိုးရှိမည့်**
**စကားနှစ်မျိုးကိုသာ ပြောဆို**

စကားသည် လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် အသုံးပြုရသည့် ဆက်သွယ်ရေးကိရိယာဖြစ်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုရာတွင် စည်းလွတ်ဝါးလွတ်မပြောသင့်ပေ။ ပြောဆိုသင့်သော စကားရှိသကဲ့သို့ မပြောဆိုသင့်သော စကားလည်းရှိသည်။ မြတ်စွာဘုရားရှင်က စကားအမျိုးအစား ခြောက်မျိုးရှိသော်လည်း မှန်ကန်အကျိုးရှိမည့် စကားနှစ်မျိုးကိုသာ ပြောဆိုရန် မိန့်မြွက်ခဲ့ပါသည်။

လူအချင်းချင်းဆက်ဆံကြရာတွင် စကားသည် မသုံးမဖြစ်သုံးရသော ကြားခံကိရိယာဖြစ်သည်။ ကျွန်တော်တို့သည် အိပ်ချိန်မှလွဲ၍ နေ့စဉ်နှင့်အမျှ လူအချင်းချင်းစကားပြောခြင်းဖြင့် ဆက်သွယ်ပြောဆိုဆက်ဆံကြရပါသည်။ ထိုသို့ စကားဖြင့် ပြောဆိုဆက်ဆံရာတွင် "စကားစကားပြောပါများ၊ စကားထဲက ဇာတိပြ" ဆိုသကဲ့သို့ ကိုယ်ပြောလိုက်သောစကားသည် ကိုယ့်စိတ်သန္တာန်ကို ဖော်ပြနေပေသည်။ အချို့ကလည်း နှုတ်အပြောနှင့် အတွင်းစိတ်မတူသည့်သူများရှိသည်ဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်ဆိုသည့်အတိုင်း ကိုယ့်စကားသည် သူတစ်ပါးနားဝင် နှစ်လိုဖွယ်ဖြစ်ရန်လိုပါသည်။ ဤတွင် သူတစ်ပါးနားဝင် နှစ်လိုဖွယ် စကားဖြစ်တိုင်းလည်း ပြောသင့်သောစကားမဖြစ်နိုင်ပေ။ ကောင်းကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းနိုင်မှသာ ပြောသင့်သောစကားဖြစ်ပါသည်။

လူတို့သည် စရိုက်၊ ဝါသနာ၊ ဝသီတို့ကိုလိုက်၍ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုမှု အားနည်းချက်၊ အားသာချက်များရှိကြသည်။ မည်သို့ပင် အားနည်းချက်၊ အားသာချက်များရှိကြစေကာမူ လူတို့ပြောဆိုနေကြသော စကားများကို အနှစ်ချုပ်လိုက်လျှင် စကားခြောက်မျိုးသာရှိသည်။ ထိုစကား ခြောက်မျိုးစလုံးကို ပြောဆိုနေကြသော်လည်း အကယ်စင်စစ် ထိုစကားခြောက်မျိုးတွင် ပြောသင့်သည့်စကားနှင့် မပြောသင့်သည့်စကားများ ရောနှောပါဝင်နေလေသည်။ ထိုစကားခြောက်မျိုးမှာ (၁) ဟုတ်လည်း မဟုတ်မှန်၊ သူတစ်ပါးလည်း မနှစ်လို၊ အကျိုးလည်း မရှိသောစကား၊ (၂) ဟုတ်ကား ဟုတ်မှန်၏၊ သူတစ်ပါး မနှစ်လို၊ အကျိုးလည်းမရှိသောစကား၊ (၃) ဟုတ်လည်းမဟုတ်မှန်၊ အကျိုးလည်းမရှိ၊ သို့သော် သူတစ်ပါး နှစ်လိုသောစကား၊ (၄) ဟုတ်ကား ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးနှစ်သက်သောစကား၊ (၅) ဟုတ်လည်း ဟုတ်မှန်၏၊ အကျိုးလည်း ရှိ၏၊ သူတစ်ပါး မနှစ်သက်သောစကား၊ (၆) ဟုတ်လည်းဟုတ်မှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးလည်း နှစ်သက်သော စကားဟူ၍ဖြစ်သည်။

စကားခြောက်မျိုးတွင် (၅) ဟုတ်လည်း ဟုတ်မှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါး မနှစ်သက်သော စကားနှင့် (၆) ဟုတ်လည်းဟုတ်မှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးလည်း နှစ်သက်သော စကားဟူသည့် စကားနှစ်မျိုးကိုသာပြောသင့်သည်

**" မြန်မာမှုတွင် "ထမင်းကို အကုန်စား၊ စကားကို အကုန်မပြောနှင့်"ဟု အဆိုရှိပါသည်။ ၎င်းသည် နှုတ်စကားကို အလွန်အကျွံမပြောဆိုမိရန် သတိပေးသောစကားဖြစ်သကဲ့သို့ မှန်ကန်အကျိုးရှိသော စကားကိုသာပြောဆိုရန် လမ်းညွှန်သောစကားဖြစ်သည်။ လူငယ်လူရွယ်မျိုးဆက်သစ်များကိုလည်း မှန်ကန်၍အကျိုးရှိမည့် စကားကိုသာပြောတတ်ရန် သင်ကြားလေ့ကျင့်ပေးပြီး မိမိကိုယ်တိုင်လည်း မှန်ကန်အကျိုးရှိမည့် စကားများကိုသာ အမြဲပြောကြားသင့်ပေသည်။ သို့မှသာ "စကားခြောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကို ပယ်၊ နှစ်ခွန်းတည်"ဆိုသည့် မြတ်စွာဘုရား၏ ဆုံးမလမ်းညွှန်မှုအတိုင်း လိုက်နာကျင့်သုံးရာရောက်ပြီး ကောင်းကျိုးအဖြာဖြာ ရရှိခံစားနိုင်မည် "**

ဟု မြတ်စွာဘုရားရှင်က ဟောကြားဆုံးမခဲ့သည်။

မိမိပြောဆိုမည့် စကားသည် အကြောင်းအရာ အချက်အလက် မဟုတ်မှန်၊ နားထောင်သူလည်း မနှစ်သက်သည့်စကား၊ အကျိုးတစ်စုံတစ်ရာလည်း မဖြစ်ထွန်းသော စကားဖြစ်လျှင် မပြောသင့်ပါ။ ယနေ့ လူမှုကွန်ရက်စာမျက်နှာများတွင် ပြောဆိုနေကြသည့် အခြေအမြစ်မရှိ၊ တစ်ဖက်ကြားနာသူလည်း မနှစ်သက်၊ မည်သည့်ကောင်းကျိုးမျှလည်း မရရှိနိုင်သည့် စကားမျိုးဖြစ်သည်။ ထိုစကားမျိုးကား နံပါတ် (၁) စကားအမျိုးအစားတွင် ပါဝင်သည်။ ဦးနှောက်ဖြင့် စဉ်းစားချင့်ချိန် ပြောဆိုသင့်ပေသည်။

မိမိပြောဆိုမည့်စကားသည် အကြောင်းအရာ အချက်အလက်ကား ဟုတ်မှန်၏။ သို့သော် ထိုစကားကို ကြားနာမည့်သူက မနှစ်သက်၊ မည်သည့် ကောင်းကျိုးတစ်စုံတစ်ရာမျှလည်း မရရှိနိုင်သော စကားဖြစ်လျှင် မပြောဆိုသင့်ပေ။ ဥပမာအားဖြင့် ထိုစကားမျိုးမှာ မျက်စိမမြင်သူကို အကန်းဟု ပြောခြင်းမျိုး၊ ခြေထောက်ကျိုးပဲ့ချို့ယွင်း၍ အားယူလျှောက်လှမ်းနေရသူကို ထော့ကျိုးဟုခေါ်ဝေါ် ပြောဆိုခြင်းမျိုးဖြစ်သည်။ ဟုတ်မှန်သော်လည်း ကြားနာသူနားဝင် နှစ်သက်မှုမရှိသည့်အပြင် မည်သူ့အတွက်မျှ အကျိုးဖြစ်ထွန်းမလာနိုင်သော စကားမျိုးဖြစ်၍ မပြောသင့်ပေ။ ထိုစကားမျိုးကား နံပါတ်(၂) စကားအမျိုးအစားတွင် ပါဝင်လေသည်။ ထိုစကားမျိုးကို တွေးဆဆင်ခြင်ပြောရမည်ဖြစ်သည်။

**မြှောက်ပင့်ပြောဆိုခြင်းမျိုးဖြစ်**

တစ်ဖန် မိမိပြောဆိုမည့်စကားသည် အကြောင်းအရာ အချက်အလက်လည်း မမှန်ကန်၊ ကြားနာသူအတွက်လည်း ကောင်းကျိုးတစ်စုံတစ်ရာ မရရှိနိုင်လျှင် ထိုသူနှစ်သက်စေကာမူ မပြောသင့်ပေ။ ထိုစကားမျိုးမှာ လူတစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ လိုသည်ထက်ပို၍ မြှောက်ပင့်ပြောဆိုခြင်းမျိုးဖြစ်သည်။ သူ့ကို မြှောက်ပင့်ပြောဆိုသော စကားဖြစ်၍ ကြားနာသူက နှစ်သက်ချင်နှစ်သက်ပေလိမ့်မည်။ သို့သော် အကျိုးဖြစ်ထွန်းမှုမရှိသဖြင့် ရှောင်ကြဉ်သင့်ပေသည်။ ထိုစကားမျိုးကို အချို့သော အရောင်းအဝယ်ပွဲစားများ၊ မိမိအလိုဆန္ဒဘက်ပါအောင် ဆွဲဆောင်လိုသူများ ပြောကြားတတ်လေသည်။ ထို့ကြောင့် မိမိကိုယ်တိုင် ရှောင်ကြဉ်ပြောကြားသင့်သလို ပြောကြားလာသူရှိပါကလည်း သတိထားချင့်ချိန်ယုံကြည်သင့်ပေသည်။ ထိုစကားမျိုးကား နံပါတ် (၃) စကားအမျိုးအစားတွင် ပါဝင်သည်။

စတုတ္ထ စကားအမျိုးအစားမှာ အကြောင်းအရာ အချက်အလက် ဟုတ်မှန်သည်။ ကြားနာသူလည်း နှစ်သက်သည်။ သို့သော် ထိုစကားကို ကြားနာခြင်းဖြင့် ကောင်းကျိုးတစ်စုံတစ်ရာ မရရှိနိုင်။ ထိုစကားမျိုးသည် ကြားနာရသူကို နှစ်သက်မှုဖြစ်စေသော်လည်း အသိမှန်အမြင်မှန်မရဘဲ မှားနေသော အမှုကို ဆက်လက်ကျူးလွန်ကာ မိုက်တွင်းနက်နေစေရန် အားပေးသကဲ့သို့ဖြစ်သဖြင့် ကောင်းကျိုးမရသည့်အပြင် ဆိုးကျိုးကိုရရှိစေမည်သာဖြစ်သည်။ ထိုစကားမျိုးသည်လည်း ရှောင်ကြဉ်ပြောကြားအပ်သော စကားဖြစ်ပေသည်။

**ကြားနာသူမနှစ်သက်သော်လည်း ပြောဆိုသင့်**

ပြောဆိုမည့် စကားသည် အကြောင်းအချက်လည်း ဆီလျော်မှန်ကန်၏၊ ထိုစကားကို ပြောဆိုခြင်းဖြင့် အကျိုးကျေးဇူးတစ်စုံတစ်ရာလည်း ရရှိမည်ဆိုလျှင် ကြားနာသူမနှစ်သက်သော်လည်း ပြောဆိုသင့်ပေသည်။ ဥပမာအားဖြင့် ဂိမ်းစွဲနေသူတစ်ဦးအား ဂိမ်းအလွန်အကျွံဆော့လျှင် မျက်စိ၊ ဦးနှောက် အာရုံကြောထိခိုက်နိုင်ကြောင်း သတိပေးဆုံးမစကား ပြောဆိုသကဲ့သို့ပင်ဖြစ်သည်။ ထိုစကားသည် မှန်ကန်၍ ကြားနာသူအကျိုးရှိမည့် စကားမျိုးဖြစ်သည်။ ထို့ကြောင့် ဂိမ်းစွဲနေသူအနေဖြင့် မနှစ်သက်စေကာမူ ပြောကိုပြောရမည်ဖြစ်ပါသည်။ ထိုစကားမျိုးသည် နံပါတ် (၅) စကားအမျိုးအစားတွင် ပါဝင်လေသည်။

တစ်ဖန် မိမိပြောဆိုမည့် စကားသည် အကြောင်းအချက်လည်း ဆီလျော်မှန်ကန်ပြီး ကြားနာသူအတွက်လည်း အကျိုးဖြစ်ထွန်းမည်၊ ကြားနာသူကလည်း နှစ်သက်သည့်စကားမျိုးဖြစ်လျှင် ပြောဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ထိုစကားမျိုးသည် နံပါတ် (၆) စကားအမျိုးအစားတွင် ပါဝင်ပြီး ပြောသင့်ပြောထိုက်သော စကားမျိုးပင် ဖြစ်သည်။

မြန်မာမှုတွင် "ထမင်းကို အကုန်စား၊ စကားကို အကုန်မပြောနှင့်"ဟု အဆိုရှိပါသည်။ ၎င်းသည် နှုတ်စကားကို အလွန်အကျွံ မပြောဆိုမိရန် သတိပေးသော စကားဖြစ်သကဲ့သို့ မှန်ကန်အကျိုးရှိသော စကားကိုသာ ပြောဆိုရန် လမ်းညွှန်သောစကား ဖြစ်သည်။ လူငယ်လူရွယ်မျိုးဆက်သစ်များကိုလည်း မှန်ကန်၍အကျိုးရှိမည့်စကားကိုသာ ပြောတတ်ရန် သင်ကြားလေ့ကျင့်ပေးပြီး မိမိကိုယ်တိုင်လည်း မှန်ကန်အကျိုးရှိမည့် စကားများကိုသာ အမြဲပြောကြားသင့်ပေသည်။ သို့မှသာ "စကားခြောက်ခွန်း လူ၌ထွန်း၊ လေးခွန်းကို ပယ်၊ နှစ်ခွန်းတည်"ဆိုသည့် မြတ်စွာဘုရား၏ ဆုံးမလမ်းညွှန်မှုအတိုင်း လိုက်နာကျင့်သုံးရာရောက်ပြီး ကောင်းကျိုးအဖြာဖြာ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

**လူမှုဆက်ဆံရေးကို များစွာအထောက်အကူဖြစ်**

မှန်ကန်၍ အကျိုးရှိသောစကားမျိုးကို ပြောဆိုလျှင်မြတ်စွာဘုရားဟောကြားခဲ့သော မင်္ဂလာတရားတော်နှင့်ညီပါသည်။ ပြောသင့်ပြောအပ်သော စကားကို ကောင်းမွန်ချေငံစွာ ပြောဆိုခြင်းသည် "သုဘာသိတဝါစာ " ဖြစ်ပါသည်။ မပြောသင့်မပြောအပ်သောစကားမျိုးကို ပြောဆိုပါက လူမှုဆက်ဆံရေးတွင် အဟန့်အတားဖြစ်စေသည်။ ပြောသင့်ပြောအပ်သောစကားမျိုးကို ကောင်းမွန်ချေငံစွာပြောဆိုခြင်းဖြင့် လူမှုဆက်ဆံရေးကို များစွာ အထောက်အကူဖြစ်စေသည်။ ယနေ့ခေတ်တွင် လူအချင်းချင်း ဆက်သွယ်ပြောဆိုရာ၌ လူချင်းဆုံတွေ့ ပြောဆိုရုံသာမက ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာများမှ ဆက်သွယ်ပြောဆိုခြင်းလည်း ပြုနိုင်နေပြီဖြစ်သည်။ သို့သော် ထိုသို့ပြောဆိုကြသောအခါ အချို့က လူချင်းဆုံတွေ့ပြောဆိုရခြင်းမဟုတ်သဖြင့် စကားကို ပြီးစလွယ်ပြောဆိုကြသည်။ တစ်နည်းအားဖြင့် ပြောသင့်သောစကားနှင့် မပြောသင့်သောစကားကို မခွဲခြားတော့ဘဲ သတိလက်လွတ် ပြောဆိုကြသည်။ ထိုအခါ မှန်ကန်ကောင်းမွန်၍ ပြေပြစ်ချေငံသော စကားမျိုး မဖြစ်တော့ဘဲ လူမှုဆက်ဆံရေးပျက်ပြားသည်အထိ ဆိုးကျိုးများခံစားရလေသည်။ ဖေ့စ်ဘွတ် စာမျက်နှာများတွင်လည်း တစ်ဦးတင်သည့် Post အောက်တွင် ပြေပြစ်ချေငံစွာ Comment ရေးသူရှိသကဲ့သို့ မချေမငံ မရေးသင့်သော Comment များ ရေးသူများလည်းရှိသည်။ တစ်ခုသတိထားရမည်မှာ ထို Comment များသည် သက်ဆိုင်သူ နှစ်ဦးသာမက အခြားသူများလည်း ဖတ်ရှုနိုင်သည်ဟူသည့် အချက်ဖြစ်သည်။ ထို့ကြောင့် တစ်ဖက်လူ၏ ဂုဏ်ကျက်သရေထိခိုက်မည့်စကားမျိုး၊ မမှန်ကန်သည့် စကားမျိုး မရေးသင့် မပြောသင့်ပါ။ တင်ထားသော Post ကို မိမိမနှစ်သက်လျှင် မည်သည့် Comment မျှ မရေးဘဲကျော်သွားနိုင်သည်။ မှန်ကန်ပြီး အကျိုးရှိမည့် စကားဖြစ်နေသော်လည်း လူအများ မသိအပ်သည့် စကားဖြစ်လျှင် မိမိမိတ်ဆွေကို Chat box (cb) မှသာ ရေးသားပြောဆိုသင့်သည်။ ထို့ကြောင့် လူချင်းဆုံတွေ့ပြောဆိုသည်ဖြစ်စေ၊ ဆက်သွယ်ရေးနည်းပညာဖြင့် ဆက်သွယ်ပြောဆိုသည်ဖြစ်စေ ပြောသင့်ပြောအပ်သော ကောင်းမွန်သည့် စကားမျိုးကိုသာ ပြောသင့်သည့်နည်းဖြင့် ပြောဆိုခြင်းဖြင့် လူမှုဆက်ဆံရေးအဆင်ပြေအောင်မြင်မည်ဖြစ်သည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် ငွေမကုန်ဘဲ လူအများသို့ပေးနိုင်သည့် လက်ဆောင်ကောင်းမှာ ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုခြင်း (ပိယဝါစာ) ပင်ဖြစ်သည်။ ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုခြင်းကို လူတိုင်းနှစ်လို နားဝင်ချိုကြသည်။ ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုသောစကားမှာလည်း ပြောသူ၏ ကြင်နာတတ်သော နှလုံးသားမှတစ်ဆင့် ပေါက်ဖွားလာခြင်းဖြစ်သည်။ ထို့ကြောင့် ကြင်နာတတ်သောစိတ်ထားရှိသူသာ ချစ်ခင်နှစ်သက်ဖွယ် စကားကို ပြောဆိုနိုင်သည်။ **စာမျက်နှာ ၂၄ သို့** ✻




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မင်းတုန်းမြို့ မဟာသာသနောပကာရ ဗိမာန်တော်မော်ကွန်း




ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားနေဆဲဖြစ်သော မြန်မာနိုင်ငံတော်တွင် သာသနာကိစ္စ အဝဝ ဆောင်ရွက်ရန်ရည်ရွယ်လျက် ဗုဒ္ဓသာသနိက သာသနာ့ဗိမာန် အဆောက်အအုံများကို ပုံစံမျိုးစုံဖြင့် ဆောက်လုပ်ထားကြသည်။ ထိုအထဲတွင် မင်းတုန်းမြို့၏ ကျက်သရေဆောင် မဟာသာသနောပကာရ သာသနာ့ဗိမာန်တော်ကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဤမဂ္ဂဇင်းသည် မင်းတုန်းမြို့နယ်၏ ဘာသာ သာသနာနှင့် သာသနာ့ဗိမာန်တော်ကြီး၏ ပတ်သက်ဆက်နွှယ်ရာ အကြောင်းအရာများကို မှတ်တမ်းတင်ထားသည်။

ဤသာသနာ့ဗိမာန်ကြီးအား မည်သို့မည်ပုံ ကြိုးစားအားထုတ်ခဲ့ရကြောင်းကို နှောင်းလူတို့ သိရှိမှတ်သား လေ့လာနိုင်စေရန် စာအုပ်ထုတ်ဝေခြင်းဖြစ်သည်။ ယခု ထုတ်ဝေလိုက်သော မင်းတုန်းမြို့နယ်၏ ကျက်သရေဆောင် သာသနာ့ဗိမာန် မော်ကွန်းစာအုပ်သည် အစစအရာရာ ပြည့်စုံကောင်းမွန်သည်ဟု မဆိုနိုင်သော်လည်း စာအုပ်ထုတ်ဝေရေးကော်မတီက မိမိတို့ တတ်စွမ်းသမျှ စုစည်း၍ ရေးသားထားသည်။ စာအုပ်ကို သုဒန္တစာပေ အမှတ် (၃၁)၊ (ဖ) လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့မှ ဓမ္မဒါနအဖြစ် ထုတ်ဝေသည်။

## လူငယ် ၁၀၀၊ မေးခွန်း ၁၀၀၊ အဖြေ ၁၀၀




အကြီးကိုကို (ကသာ) ၏ ၂၀၂၁ ခုနှစ် အမျိုးသားစာပေဆု (လူငယ်စာပေ) ဆုရ လူငယ် ၁၀၀၊ မေးခွန်း ၁၀၀၊ အဖြေ ၁၀၀ စာအုပ် တတိယအကြိမ် ထွက်ရှိလာသည်။

လူငယ်များ တိုးတက်အောင်မြင်စေရန်နှင့် အရည်အချင်းရှိသော လူငယ်များဖြစ်စေရန်အတွက် လူငယ်စကားဝိုင်းများကို ကျင်းပသည်။ လူငယ် ၁၀၀၊ မေးခွန်း ၁၀၀၊ အဖြေ ၁၀၀ စာအုပ်သည် လူငယ်စကားဝိုင်း အကြိမ် ၁၀၀ ကျော်ထဲမှ လူငယ်များ၏ ကောင်းနိုးရာရာမေးခွန်းများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

လူငယ်များ၏ လိုအပ်ချက်၊ လမ်းပျောက်နေသည့် လူငယ်များ၊ စိန်ခေါ်မှုကို ကျော်ဖြတ်ချင်သော်လည်း မည်သို့ကျော်ဖြတ်ရမှန်းမသိသည့် လူငယ်များ၊ စိတ်ဓာတ်ကျနေပြီး စိတ်ခွန်အားကို မည်သို့ ပြန်လည်မြှင့်တင်ရမည်ကို မသိသည့်လူငယ်များ၊ ဝါသနာ၊ ပညာနှင့် ဘဝထပ်တူမကျသည့်လူငယ်များ၊ အမှောင်ထဲတွင် စမ်းတဝါးဝါး လမ်းပျောက်နေသည့် လူငယ်များ၏ ရင်ထဲမှမေးခွန်းများကို စာရေးသူက မိမိဘဝ အတွေ့အကြုံနှင့်ယှဉ်ပြီး ပြန်လည်ဖြေကြားထားသည်။ စာအုပ်ကို အကြီးကိုကို စာပေ၊ ဖုန်း ၀၉၂၄၀၁၆၃၉၊ ၀၉၇၈၀၆၈၅၇၈၉၊ အမှတ် (၂၅၇)၊ အေးစေတီရပ်၊ မြစ်ကြီးနားမြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားသည်။

## ကန့်ဘလူခရိုင် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

ကန့်ဘလူ မေ ၄

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲကို ဧပြီလကုန်ပိုင်းက ကန့်ဘလူခရိုင်စုပေါင်းရုံး ရွှေဆည်မြိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဦးက ကန့်ဘလူခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းများ မျှော်မှန်းထားသည့်အတိုင်း ရရှိရေးအတွက် ဌာနဆိုင်ရာများ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက်၊ မြို့နယ်အလိုက် GDP တိုးတက်မှုနှုန်း ရည်မှန်းချက်များ ပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။




**ရှင်းလင်းပြောကြား**

ထို့နောက် ခရိုင်စီမံကိန်း ဦးစီးဌာန ခရိုင်တာဝန်ခံ ဦးမောင်မောင်ညွန့်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့၏ ဒေသန္တရစီမံကိန်း တာဝန်များ၊ ကန့်ဘလူခရိုင်၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍအလိုက် စီမံကိန်းတာဝန်များ ပေးအပ်ရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက လက်ခံရယူကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၄

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် လူသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အဆောက်အအုံ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ခံစားနေသည့် ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန်နှင့် စိတ် လူမှုပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းများကို လူမှုဝန်ထမ်းဦးစီးဌာနက ဖွဲ့စည်းထားသော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းအဖွဲ့ဖြင့် ဧပြီ ၂၄ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိ ရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိ ရပ်ကွက်များ၌ ရှိသည့် ယာယီတည်းခိုရေး စခန်းအတွင်းရှိ ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းနှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေးပြောကြားကာ ယာယီတည်းခိုရေးစခန်းရှိ ကလေးငယ်များအား စိတ်ပျော်ရွှင်ဖွယ်ရာ ကစားနည်းများနှင့် ပုံပြင်ပြောပြခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နေပြည်တော်အတွင်း ကျန်ရှိသည့် ယာယီခိုလှုံရာနေရာများသို့ မေ ၇ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**မျိုးသီဟ (ပြန်/ဆက်)**

✻ စာမျက်နှာ ၂၃ မှ

တစ်ကိုယ်ကောင်းစိတ်ထားရှိသူများသည် အများအကျိုးကိုမကြည့်ဘဲ မိမိ၏ကိုယ်ကျိုးအတွက်သာ ကြည့်တတ်ကြသဖြင့် ကိုယ်ချင်းစာနာစိတ်မရှိကြပါ။ ထိုသူသည် ချစ်ခင်နှစ်သက်ဖွယ်စကားမျိုးကို ပြောဆိုလေ့မရှိပေ။ ချစ်ခင်နှစ်သက်ဖွယ်စကားကို ပြောဆိုတတ်သူသည် မိမိအတွက် ကောင်းကျိုးချမ်းသာများ ပြန်လည်ရရှိပြီး ကြမ်းတမ်းစွာ ပြောဆိုသော စကားတစ်ခွန်းကြောင့် သူတစ်ပါး၏ ပျော်ရွှင်မှုကို ဖျက်ဆီးရာရောက်သကဲ့သို့ မိမိအတွက်လည်း မလိုလားအပ်သော တုံ့ပြန်မှုကိုသာ ရရှိပေလိမ့်မည်။ တိုင်းရင်းသားစကားပုံတစ်ခုတွင် "စကားကြမ်း၍ နွားနောက်လျော်ရ"ဟူသော စကားပုံရှိသကဲ့သို့ မြန်မာမှုတွင် "နှုတ်ကြောင့် သေ၊ လက်ကြောင့် ကြေ" ဟူ၍ အဆိုရှိလေသည်။

စကားပြောခြင်းနှင့်စပ်လျဉ်း၍ "မင်းမှာ သစ္စာ၊ လူမှာကတိ" ဟူသော စကားရှိသည်။ အသုံးအနှုန်း ကွဲပြားသော်လည်း သစ္စာရော ကတိပါမှန်ကန်တည်မြဲခြင်းသဘောကိုဆောင်သည်။ "မုသားမပါ လင်္ကာမချော"ဟူသော စကားသည် မရိုးဖြောင့်သူတို့၏ ဆင်ခြေလက်သုံးစကားသာဖြစ်သည်။ မှန်မှန်ကန်ကန် ပြောဆိုခြင်းသည် ရိုးသားခြင်း၊ တည်ကြည်ခြင်း၊ အားကိုးထိုက်ခြင်းကို ဖော်ပြခြင်းဖြစ်ပြီး လူမှုဆက်ဆံရေးတွင် များစွာအထောက်အကူပြုပေသည်။ မဟုတ်မမှန် မုသားစကားပြောဖန်များသူသည်လည်း ထိုစကားများပြောဆိုမှု အလေ့အထဖြစ်ကာ မှန်သောစကားကို မဆိုတတ်တော့ချေ။ လိမ်ညာစကားများ ပြောတတ်သူကို လူအများက ယုံကြည်ခြင်းမရှိသဖြင့် တစ်ခါတစ်ရံ အမှန်ပြောလျှင်ပင် စိတ်ချယုံကြည်မှုမရှိတော့ပေ။ ယနေ့ Facebook တွင် မဟုတ်မမှန်လုပ်ကြံသတင်းများကို တင်လေ့ရှိသော Page များသည် ၎င်း၏ ရုပ်လုံးမှန်ကို အများက သိလာသည့်အခါ ယုံကြည်ကိုးစား အလေးထားမှု မရှိကြတော့ချေ။ ထို့ကြောင့် ဟုတ်မှန်သော သစ္စာစကားကို ပြောတတ်သူသာလျှင် လူမှုဆက်ဆံရေးနယ်ပယ်တွင် အောင်မြင်နိုင်လေသည်။

မည်သည့်အရေးကိစ္စတွင်ဖြစ်စေ သူ့ဘက်ကိုယ့်ဘက် မျှတစွာပြောဆိုရသည်။ ဤသို့ သူ့ဘက်ကိုယ့်ဘက်မျှတစွာ စဉ်းစားတွေးခေါ်ပြောဆိုဆောင်ရွက်မှသာ မှန်ကန်ပေသည်။ ဤသို့မဟုတ်ဘဲ မိမိထင်သလို တစ်ဖက်စောင်းနင်းပြောဆိုခြင်း၊ နိုင်လိုမင်းထက် ပြောဆိုခြင်းပြုပါက မျှတမှန်ကန်မှုမရှိနိုင်ချေ။ မျှတမှန်ကန်မှုမရှိသောစကားသည် တရားနည်းလမ်းတကျပြောဆိုခြင်း (ဓမ္မ) မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည့်နယ်ပယ်အားလုံးတွင် ကောင်းမွန်ပြေပြစ်သော စကားကို ပြောဆိုသူ၊ ပြောသင့် ပြောအပ်သောစကားကိုသာ ပြောဆိုသူ၊ ချစ်ခင်နှစ်လိုဖွယ်စကားကိုသာ ပြောတတ်သူ၊ မှန်ကန်တည်ကြည်သော စကားကိုသာ ဆိုတတ်သူ၊ တရားမျှတစွာ ပြောတတ်သူသာလျှင် လူ့ဘောင်အသိုင်းအဝိုင်းတွင် အောင်မြင်မှုရနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား -**

**၁။ စကားအရာ အင်္ဂါလေးတန် (အထက်တန်းစနစ်သစ် မြန်မာစာ)**
**၂။ စကားပြောရာတွင် သတိပြုရှောင်ကြဉ်ရမည့်အချက်များ (Grade 10 စနစ်သစ် မြန်မာစာ)**
**၃။ တတ်သိလိမ္မာရင်သွေးရတနာ (၂၀၁၈ ခုနှစ် စာပေဗိမာန် ကလေးစာပေတတိယဆုရစာအုပ်)**

# စက်မှုတော်လှန်ရေးဆီသို့

နီဇော်သစ်

၁၈ ရာစုနှင့် ၁၉ ရာစုအတွင်း ရေနွေးငွေ့အင်ဂျင် ထွန်းကားလာခြင်းသည် ပါဝါများကို ပိုမိုစုစည်းမိလာစေသည်။ ယမ်းမှုန့်က ပြောင်းရှည်သေနတ်များနှင့် အမြောက်များကို အားကောင်းလာစေပြီး အမြဲတမ်းစစ်တပ်များကို ဖြစ်လာစေကာ သက်ဦးဆံပိုင်ဘုရင်များကို ပါဝါပိုမိုရရှိလာစေသည်။ စစ်ရေးအတွက် မြေရှင်ပဒေသရာဇ်များအပေါ် အားကိုးနေရခြင်းကို လျှော့ချလာနိုင်သည့် အတွက် တစ်ဖက်တွင် မြေရှင်ပဒေသရာဇ်တို့ ပါဝါကျလာခဲ့သည်။ ဤနည်းဖြင့် ယမ်းမှုန့်သည် နိုင်ငံရေးနှင့် စစ်ရေးပါဝါတို့ကို ပြန်လည်ဖြန့်ဝေခဲ့သည်။ အလားတူ ရေနွေးငွေ့အင်ဂျင်က နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တို့တွင် ပါဝါကို ဗဟိုချက်တစ်ခုသို့ စုလာအောင် လုပ်ပေးခဲ့သည်။

ရေနွေးငွေ့ အင်ဂျင်များမပေါ်ခင်က ထုတ်လုပ်မှုသည် ဗဟိုချက်မရှိဘဲ အိမ်များ၊ အလုပ်ရုံများတွင် ပြန့်ကျဲနေခဲ့သည်။ လက်မှုပညာရှင်များနှင့် အသေးစားကုန်ထုတ်လုပ်သူများ၏ ခေတ်တစ်ခေတ် ဖြစ်ခဲ့သည်။ ရေနွေးငွေ့သုံးအင်ဂျင်များ ပေါ်လာချိန်တွင် အကြီးစားကုန်ထုတ်လုပ်မှုစက်ရုံများ ပေါ်ထွက်လာသည်။ လက်မှုပညာရှင်တို့နှင့် အသေးစားကုန်ထုတ်လုပ်သူတို့သည် စက်ရုံများကို မယှဉ်နိုင်ကြတော့။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုပုံစံပြောင်းလဲသွားသည်။ စက်မှုတော်လှန်ရေး၏အစ ဖြစ်လာသည်။

အဓိကအပြောင်းအလဲမှာ စွမ်းအင်ဟုဆိုနိုင်သည်။ စက်မှုတော်လှန်ရေးမတိုင်ခင်က လက်အားနှင့် ရေအား၊ လေအားတို့လို ပြန်ပြည့်မြဲ စွမ်းအင်များ၊ တစ်နည်းအားဖြင့် သဘာဝစွမ်းအင်များကို မှီခိုအားထားရသည်။ ရေဒလက်များ၊ လေဒလက်များဖြင့် စက်များကို လည်ပတ်စေခြင်းမျိုးဖြစ်သည်။ ရေနွေးငွေ့အင်ဂျင်များသည် ကျောက်မီးသွေးကဲ့သို့ ရုပ်ကြွင်းလောင်စာများကို သုံးစွဲသည်။ ထို့ကြောင့် ယခင်ကကဲ့သို့ မြစ်၊ ချောင်းကမ်းပါးများနှင့် လေတိုက်ခတ်မှု အားကောင်းသည့်နေရာများကို ရွေးနေစရာမလိုတော့။ ရာသီဥတုကိုလည်း ပူစရာမလိုတော့။ တစ်ဖက်တွင် မြင့်မားသော ကာဗွန်ထုတ်လွှတ်မှုများ စတင်လာပြီလည်း ဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ် ကမ္ဘာကြီးပူနွေးမှုကို တိုင်းတာရာတွင် စက်မှုတော်လှန်ရေးမတိုင်မီ အနေအထားနှင့် နှိုင်းယှဉ်ကြခြင်း ဖြစ်သည်။

ရေနွေးငွေ့အင်ဂျင်ကြောင့် မီးရထားများ ပေါ်ထွက်လာခြင်းသည်လည်း သယ်ယူပို့ဆောင်ရေးပုံစံများကို ပြောင်းလဲသွားစေသည်။ စက်ရုံများသည် ကျောက်မီးသွေးကုန်ကြမ်း ကောင်းကောင်းရရှိသော နေရာများနှင့် သယ်ယူပို့ဆောင်ရေးကောင်းမွန်သည့် မြို့ပြများတွင် စုဝေးလာကြသည်။ ကျေးလက်မှ လုပ်သားများကို မြို့ပေါ်သို့ ဆွဲခေါ်သည်။ အိမ်ထဲတွင် လက်ရက်ကန်းဖြင့် အဆင်ပြေနေသူများသည် စက်ရုံများကို မယှဉ်နိုင်တော့သောကြောင့် မြို့တက်ပြီး အလုပ်လုပ်လာရသည်။ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး တွေးခေါ်ပညာရှင် ကားလ်မာ့က်စ်က သူ၏ ၁၈၄၇ ခုနှစ်ထုတ် The Poverty of Philosophy စာအုပ်တွင် "လက်လှည့်စက်တွေက ခင်ဗျားကို မြေရှင်ပဒေသရာဇ်တွေနဲ့ အသိုင်းအဝိုင်းဖြစ်စေတယ်။ ရေနွေးငွေ့စက်ရုံတွေက ခင်ဗျားကို စက်မှုအရင်းရှင်တွေနဲ့ အသိုင်းအဝိုင်းဖြစ်စေတယ်"ဟု ရေးခဲ့ခြင်း ဖြစ်သည်။ ထိုစကားက ပါဝါသည် မြေရှင်ကြီးများထံမှ စက်မှုလုပ်ငန်းရှင်များထံသို့ ကူးပြောင်းသွားသည်ကို ပြနေသည်။

စက်ရုံများပေါ်လာခြင်းသည် လုပ်ငန်းပုံစံကိုပါ ပြောင်းလဲသွားစေသည်။ တစ်ဦးတစ်ယောက်ချင်းစီ၏ အရည်အသွေးတို့သည် အဓိက



မကျတော့။ အစုအဖွဲ့အားဖြင့် စက်အားနှင့် လူအား ပေါင်းစည်းသည့် ပုံစံမျိုးဖြစ်လာသည်။ ယင်းမှာလည်း အထွေထွေသုံးနည်းပညာတို့၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ လူတို့သည် ကိရိယာများကို ပုံသွင်းတီထွင်ရင်း ထွက်ပေါ်လာသည့်ကိရိယာများက လူတို့ကို ပြန်လည်ပုံသွင်းသွားခြင်းဖြစ်သည်။ တစ်ချိန်က လက်ရာကောင်းရန် အားထုတ်ခဲ့ရသည့် အိမ်တွင်းလက်မှုပညာရှင်တို့သည် သူတို့၏လက်ရာတို့ကို မေ့ထားလိုက်ရပြီး စက်ရုံထဲတွင် အများနှင့် လိုက်လျောညီထွေ လုပ်ကိုင်နိုင်ရန် ဦးစားပေးလာကြရသည်။ ထို့ကြောင့်လည်း စက်မှုလုပ်ငန်း စတင်အသွင်ပြောင်းသည့်ကာလအတွင်း စက်ရက်ကန်းရုံများ မီးရှို့ဖျက်ဆီးခံရသည့်အဖြစ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ထိုသို့ စီးပွားရေး၊ လူမှုရေးတို့တွင် ပါဝါကို ဗဟိုချက်ပြုပြီး စုလာစေသည့် ရေနွေးငွေ့အင်ဂျင်တို့သည် နိုင်ငံရေးနှင့် စစ်ရေးတို့တွင်လည်း အလားတူ ဖြစ်စေသည်။ ရေနွေးငွေ့နည်းပညာသည် ငွေလုံးငွေရင်းနှင့် အခြေခံအဆောက်အအုံများ လိုအပ်သည်။ အစိုးရတို့က တူးမြောင်းများ၊ ရထားလမ်းများ ဖောက်ပေးခြင်း၊ ဆိပ်ကမ်းများ ဆောက်ပေးခြင်းဖြင့် စက်မှုလုပ်ငန်းကို အားပေးသည်။ စက်နာရီသုံးနိုင်ရာမှ စက်ရုံတို့ကို အချိန်တိတိကျကျ လည်ပတ်စေနိုင်လာသကဲ့သို့ ပြည်တွင်း၊ ပြည်ပ စက်ရုံများ ချိတ်ဆက်မှုပိုအားကောင်းစေရန် ဂရင်းနစ်မျဉ်းကဲ့သို့ စံတော်ချိန်များ သတ်မှတ်ပေးသည်။ ကိုလိုနီဝါဒနှင့် အင်ပါယာချဲ့ထွင်မှုတို့ကိုသုံးပြီး စက်မှုလုပ်ငန်းရှင်များကို ကာကွယ်ပေးသည်။

စက်မှုလုပ်ငန်းရှင်များကို အားပေးခြင်းဖြင့် အစိုးရတို့သည် ပါဝါကို ပိုမိုချုပ်ကိုင်လာနိုင်သည်။ တစ်ချိန်က မြေရှင်ပဒေသရာဇ်တို့ကို ခွဲပေးထားရသည့်ပါဝါများ အပြည့်အဝ လက်ထဲပြန်ရောက်လာသည်ဟု ဆိုနိုင်သည်။ အားသာချက်မှာ စက်မှုလုပ်ငန်းရှင်တို့သည် နိုင်ငံရေးပါဝါကို မထိပါးခြင်းဖြစ်သည်။ တစ်ဖက်တွင် ရေနွေးငွေ့အင်ဂျင်သည် မီးရထားများကို ဖြစ်လာစေသလို မီးသင်္ဘောများကိုလည်း ဖြစ်လာစေခဲ့သည်။ သမုဒ္ဒရာများတွင် အင်အားပိုမို တိုးချဲ့နိုင်ခြင်းသည် ကိုလိုနီနယ်မြေများ ပိုမိုချဲ့ထွင်လာနိုင်ပြီး အင်ပါယာများ ပိုမိုကြီးမားလာစေသည်။ ယင်းမှာ မဟာကွဲပြားမှုကြီး ထင်ရှားလာသည့်ကာလလည်း ဖြစ်သည်။

တင်ပြပြီးခဲ့သမျှ အထွေထွေသုံး နည်းပညာတို့ကို ပြန်ကြည့်လျှင် ပုံစံနှစ်မျိုးကွဲနေသည်ကို တွေ့မြင်နိုင်သည်။ အများသုံးနှင့် အများသုံး မဟုတ်သော နည်းပညာများဟု ဆိုနိုင်သည်။ ကျောက်လက်နက်၊ မီး၊ ဘာသာစကား၊ စိုက်ပျိုးရေး၊ စာအရေးအသား၊ ဘီး၊ သတ္တုတူးဖော် အသုံးပြုခြင်းတို့ကဲ့သို့ ရှေ့ပိုင်းတွင်ပေါ်ထွက်ခဲ့သော နည်းပညာများကို အများသုံးနည်းပညာများအဖြစ် မြင်နိုင်သည်။ ထိုနည်းပညာများသည် စတင်ပေါ်ပေါက်သည့်အချိန်တွင်သာ ပါဝါဗဟိုပြုမှုရှိခဲ့ပြီး ပျံ့နှံ့အားကောင်းသောကြောင့် မကြာမီမှာပင် ပါဝါကို လူအများလက်ထဲသို့ ရောက်စေပြီး ပါဝါဗဟိုချက်ပြုခြင်းကို အားနည်းစေခဲ့သည်။ သို့သော် နောက်ပိုင်းနည်းပညာများဖြစ်သည့် ပုံနှိပ်စက်၊ ယမ်းမှုန့်နှင့် ရေနွေးငွေ့သုံးအင်ဂျင်တို့ကို ပါဝါဗဟိုချက်ပြုမှုကို အားပေးခဲ့သည့် နည်းပညာများအဖြစ် မြင်နိုင်သည်။ ထို့ကြောင့် ထိုနည်းပညာတို့ ထွန်းကားချိန်တွင် အင်ပါယာကြီးများ ကြီးထွားလာပြီး ကိုလိုနီစနစ်အားကောင်းခဲ့သည်။

ထိုသို့ ပါဝါဗဟိုချက်ပြုရန် အားပေးထောက်ပံ့သော အထွေထွေသုံး နည်းပညာများ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာချိန်တွင် ပါဝါကို လူအများထံသို့ ပြန်လည်ဖြန့်ဝေပေးမည့် နည်းပညာတစ်ခုမှာ အစပျိုးနေပြီဖြစ်သည်။ ယင်းမှာ လျှပ်စစ်ပညာ။ လျှပ်စစ်ပညာကို ၁၇၀၀ ပြည့်လွန်နှစ်များကတည်းက သိပ္ပံနည်းကျ စတင်လေ့လာခဲ့သော်လည်း ၁၈၀၀ ပြည့်လွန်နှစ် နှောင်းပိုင်းကာလများတွင်မှ ထွန်းကားခဲ့သည်။ သို့သော် အကျိုးသက်ရောက်မှုမှာ အလွန်သိသာထင်ရှားသည်။ လူသားဖြစ်လာမည့် ပရိုင်းမိတ်များသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀ လောက်ကတည်းက စတင်ဖြစ်တည်ခဲ့သော်လည်း ရှေးအကျဆုံး အထွေထွေသုံး နည်းပညာဖြစ်သည့် ကျောက်လက်နက်များကို လွန်ခဲ့သော နှစ်ပေါင်း နှစ်သန်းခွဲလောက်ကမှ စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြိုသမိုင်းကာလ နှစ်ပေါင်းနှစ်သန်းခွဲအတွင်း စာအရေးအသားမပေါ်ပေါက်မီအထိ မီးကိုအသုံးပြုခြင်း၊ ဘာသာစကား၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထွေထွေသုံးနည်းပညာများသာ ပေါ်ထွက်ခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀ ကျော် စာအရေးအသား စတင်ပေါ်ပေါက်ပြီး ပုံနှိပ်စက်များမထွန်းကားမီ နှစ်ပေါင်း ၃၅၀၀ လောက်အတွင်း စာအရေးအသား၊ ဘီးနှင့် သတ္တုတူးဖော်အသုံးပြုခြင်းဆိုသည့် အထွေထွေသုံးနည်းပညာ သုံးမျိုးသာပေါ်ထွက်ခဲ့သည်။ ပုံနှိပ်စက်ဖြစ်လာပြီး နောက်ရာစုနှစ်သုံးခုအတွင်း ယမ်းမှုန့်နှင့် ရေနွေးငွေ့အင်ဂျင်တို့ ပေါ်ထွက်လာပြီး စက်မှုတော်လှန်ရေးဖြစ်လာသည်။ ထို့နောက် လျှပ်စစ် ပေါ်လာသည်။ ယင်းမှာ ၁၉ ရာစုနှောင်းပိုင်း။ လျှပ်စစ်ပေါ်လာပြီးနောက် နှစ်ပေါင်း ၃၀၀ အတွင်းမှာပင် အထွေထွေသုံးနည်းပညာ မည်မျှ ပေါ်ထွက်ခဲ့လဲဆိုသည်ကို ကျွန်တော်တို့ အနီးကပ်တွေ့မြင်နေရပြီးသား ဖြစ်သည်။ နောက်အပတ်များတွင် လျှပ်စစ်ပညာအကြောင်း ဆက်လက်ဆွေးနွေးသွားပါမည်။ ။

# မွေးကင်းစ နှလုံးရောဂါကို ဝက်နှလုံးဖြင့် ယာယီအစားထိုးနိုင်မည်



မွေးကင်းစကလေးများတွင် နှလုံး အစားထိုးကုသရန်လိုအပ်သည့်သွေးလွှတ် ခန်းတစ်ခန်းသာပါသော ရောဂါမျိုး အတွက် သင့်လျော်သည့် လူသားနှလုံး အလှူရှင်မရရှိ မျိုးဗီဇပြုပြင်ထားသော ဝက်နှလုံးဖြင့် အစားထိုးထားနိုင်တော့မည်ဟု လေ့လာမှုတစ်ခုက တင်ပြထားသည်။

လော့စ်အိန်ဂျလိစ်မြို့ ကလေးဆေးရုံမှ သုတေသနအဖွဲ့တစ်ဖွဲ့က ဝက်နှလုံးကို ရောဂါဖြစ်နေသော ကလေးများတွင် ယာယီအစားထိုးနိုင်ရန် လေ့လာစမ်းသပ်ခဲ့ကြခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် နှလုံးအလှူရှင်မရမီစက်တပ်ပြီး ထိန်းထားရသည်။ သို့သော် ထိုစက်များမှာ လူကြီးများတွင် နှလုံးစက်အစားထိုးသကဲ့သို့ ရေရှည်ခံနိုင်ခြင်းမရှိပေ။

စက်တပ်ထားသော ကလေးများတွင် ၂၀ ရာခိုင်နှုန်းသာ သုံးလကျော်သည်အထိ အသက်ရှင်နိုင်သည်။ အများစုမှာ လေဖြတ်ခြင်း၊ သွေးယိုခြင်း၊ ပိုးဝင်ခြင်းတို့ကဲ့သို့ အသက်အန္တရာယ်ထိခိုက်စေသည့်တစ်ခုခုနှင့် ရင်ဆိုင်ရလေ့ရှိသည်။

သုတေသနခေါင်းဆောင် ဒေါက်တာ ဝွန်ဒေးဗစ်ကလီဗန်က "သွေးလွှတ်ခန်း တစ်ခန်းပဲပါတဲ့ရောဂါအတွက် VAD စက်က သွေးလှည့်ပတ်မှုကို ထိန်းချုပ်ပေးထားဖို့ခက်ပါတယ်။ တစ်ကိုယ်လုံးကို သွေးလုံလုံလောက်လောက် ရောက်ဖို့၊ အဆုတ်ကို သွေးလုံလုံလောက်လောက် ရောက်ဖို့ပေါ့။ ဝက်နှလုံးက ကလေးကို စက်တပ်ပြီး ဆေးရုံမှာ ထားထားရမယ့်အစား အိမ်ပြန်ပြီး နှလုံးအလှူရှင်ကို စောင့်နေလို့ရလောက်အောင် အကျိုးရှိနိုင်ပါတယ်"ဟု ရှင်းပြသည်။

ကိုယ်တွင်းကလီစာ အလှူရှင်များ မလုံလောက်သည့်အချိန်တွင် တိရစ္ဆာန်ကလီစာများ အစားထိုးကုသနိုင်ရန် စိတ်ကူးမှာ မျက်မှောက်ခေတ်ဆေးပညာ၏ မျှော်လင့်ချက်တစ်ခုဖြစ်သည်။ ယခုသုတေသနတွင် မျိုးဗီဇပြုပြင်ထားသော ဝက်နှလုံးကို ဘာဘွန်းမျောက် ၁၄ ကောင်ဖြင့် စမ်းသပ်ရာ ရှစ်ကောင် အသက်ရှင်ခဲ့ပြီး တစ်ကောင်မှာ ရက်ပေါင်း ၆၂၀ အသက်ရှင်ခဲ့သည်။ ၂၁ လလောက်နီးပါး ရှင်သန်နိုင်ခြင်းဖြစ်ရာ နှလုံးအလှူရှင် ရှာတွေ့ရန် အခွင့်အလမ်း ပိုမိုများပြားသွားစေမည်ဖြစ်သည်။

Ref: scitechdaily

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–5 & M–6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Crab2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၄၀ ဒသမ ၆၉ စက္ကန့်အတွင်းတွင် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–5 & M–6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

# KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၄/၁၃၆) အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၄

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဒေသအတွင်းလမ်းပန်း ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရေးနှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနေမှုများကို မလိုလား၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အကြမ်းဖက် လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်အစောပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီး ပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၃၅/၇ နှင့် ၁၃၆ အကြား အရှည် ၃၇ ပေ၊ အကျယ် ၄၈ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစား တံတားအမှတ်(၄/၁၃၆)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် အဆိုပါ သံကူကွန်ကရစ်တံတားမှာ ကမ်းကပ်ခုံအနီးမှ ထက်ပိုင်းကျိုးကျပျက်စီးခဲ့ပြီး ယာဉ်များဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်းနှင့် ထိုသို့ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ် ရန်ကုန်–မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ် တံတားအမှတ် (၄/၁၃၆)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အဆိုပါ သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် တစ်ကြိမ် မိုင်းထောင်ဖောက်ခွဲခဲ့ပြီး ယနေ့ဖောက်ခွဲခဲ့မှုမှာ တတိယအကြိမ်မြောက် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ထိုသို့မိုင်းထောင်ဖောက်ခွဲမှုကြောင့် ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများ သွားလာနိုင်မှုမရှိဘဲ ပြည်သူလူထုက ၎င်းတို့၏လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရှိရပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့်တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ် ရန်ကုန်–မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ် တံတားအမှတ် (၄/၁၃၆)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

**သတင်းစဉ်**

■ **FIFA မှ**

ပွဲစဉ် (၇) တွင် Pacific Sun Far အသင်းက FFU မင်းမဟော်အသင်းကို ၁၀ ဂိုး–ဂိုးမရှိ၊ King Cobra အသင်းက မလိခအသင်းကို ခြောက်ဂိုး–နှစ်ဂိုး၊ Victoria အသင်းက Julliniss အသင်းကို ခြောက်ဂိုး–သုံးဂိုး၊ SGF အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၃ ဂိုး–ဂိုးမရှိ၊ Avengers Junior အသင်းက TKA Stars အသင်းကို ငါးဂိုး–တစ်ဂိုး၊ Kyaung Sayar Tharhtwe အသင်းက Golden Boys အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၇)တွင် ဇယားထိပ်ပိုင်းအသင်းအားလုံးအနိုင်ရခဲ့ပြီး Kyaung Sayar Tharhtwe အသင်းနှင့် Victoria အသင်းတို့က ၁၅ မှတ်စီ၊ Avengers Junior အသင်းနှင့် SGF အသင်းက ၁၃ မှတ်စီ၊ Pacific Sun Far အသင်းက ၁၁ မှတ်၊ Golden Boys အသင်း၊ King Cobra အသင်းနှင့် မလိခအသင်းတို့က ခြောက်မှတ်စီ၊ Julliniss အသင်းက သုံးမှတ်၊ FFU မင်းမဟော်အသင်း၊ TKA Stars အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

❖ **MNL မှ**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ခဲ့ပြီး တက္ကသိုလ်အသင်းမှာလည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း ဂိုးရရန်ရှုန်းကန်ခဲ့ရပြီး အနိုင်ဂိုးကို ၈၄ မိနစ်တွင် ဟိန်းဖြိုးဝင်းက သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ရှိုင်ရယ်အသင်း ဂိုးမရှိသရေကျခဲ့သည်။ MNL–2 ကလပ် ရန်ကုန်ရှိုင်ရယ်အသင်းသည် အုပ်စုတွင်းအသင်းကြီးများဖြစ်သည့် ရန်ကုန်ယူနိုက်တက်ကို သရေကစားပြီးနောက် ဧရာဝတီအသင်းကို သရေကစားခဲ့ခြင်းဖြစ်သည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် သရေကျခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်ရလဒ်ဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် ဥက္ကာနိုင်၊ ၁၈၊ ၂၂၊ ၅၉၊ ၈၅ မိနစ်တွင် မိုဂူ၊ ၄၄ မိနစ်တွင် ဟိန်းဇေယျာလင်း၊ ၇၈ မိနစ်တွင် ချစ်အေးတို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Dagon Port အသင်းက YB United အသင်းကို ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Dagon Port အသင်းအတွက် ဂိုးများကို ၄၁၊ ၆၅ မိနစ်တွင် ရာဇာအောင်၊ ၄၉၊ ၅၀၊ ၉၀+၃ မိနစ်တွင် မိုက်ကယ်၊ ၅၃ မိနစ်တွင် လှိုင်မြင့်သူတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၂) ဒုတိယနေ့ကို မေ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Chinland အသင်း၊ YUSC ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

❂ **ကျောဖုံးမှ**

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် ၁ နေရာမှာရပ်တည်နေတဲ့ ဘာစီလိုနာအသင်းနဲ့ လေးမှတ်ကွာအနေအထားကို ရောက်ရှိခဲ့ပြီး စပိန်လာလီဂါဖလားရရှိဖို့လည်း အခွင့်အရေးရှိလာခဲ့ပြီဖြစ်ပါတယ်။

ဆယ်လ်တာဗီဂိုအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါ ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## ကော့သောင်း - ရနောင်းနယ်စပ်ဂိတ်မှ လူဝင်လူထွက်ပုံမှန်အတိုင်းသွားလာလျက်ရှိ

ကော့သောင်း မေ ၄

တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သွားလာလျက်ရှိသည့် နယ်စပ်ဂိတ်မှ နှစ်နိုင်ငံပြည်သူများ ပုံမှန်အတိုင်း ဝင်/ထွက် သွားလာလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့နှင့် ရနောင်းမြို့မှာ ရေလမ်းခရီးဖြင့်သွားလာရသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံ ပြည်သူများမှာ ပွဲချိတ်၊ စပိဘုတ်များဖြင့် သွားလာလျက်ရှိကြောင်းသိရသည်။

“နှစ်နိုင်ငံနယ်စပ်ဂိတ်က လဝကဂိတ်တွေမှာလည်း နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်/ စာအုပ်တွေကို ပုံမှန်အတိုင်းထုတ်ပေးလျက်ရှိပါတယ်။ မေ ၂ ရက်မှာ ထိုင်းနိုင်ငံဘက်က လူဝင်/ လူထွက် ဂိတ်ပိတ်မယ်ဆိုတာ မဟုတ်မှန်ပါဘူး” ဟု နယ်ခြားကော်မတီအဖွဲ့နှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။



လူမှုကွန်ရက်ပေါ်တွင် ဧပြီ ၂၉ ရက်က ရနောင်းမြို့အုပ်ချုပ်ရေးမှူး အနေဖြင့် မေ ၂ ရက်မှ စတင်ကာ နယ်စပ်ကူးသန်းသွားလာမှုတစ်လ ပိတ်မည်ဖြစ်ကြောင်း၊ ရနောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များအား အကြောင်းကြားထားရန် စသည့် သတင်းများထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အပေါ် နှစ်နိုင်ငံ တာဝန်ရှိသူများက သတင်းမှားဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ သို့ပါ၍ မေ ၂ ရက်မှ စတင်ပြီး နှစ်နိုင်ငံ ပြည်သူများမှာ ကော့သောင်း–ရနောင်း နယ်စပ်ဂိတ်မှ ပုံမှန်အတိုင်းသွားလာမှု၊ ကုန်သွယ်မှု ပြုလုပ်နေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# တိုက်စစ်မှူး ဗာဒီ လက်စတာစီးတီးအသင်းနဲ့အတူ သွင်းဂိုးစုစုပေါင်း ၁၉၉ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်

လက်စတာစီးတီးအသင်းတိုက်စစ်မှူး ဗာဒီဟာ ဆောက်သမ်တန်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့ မေ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် လက်စတာစီးတီးအသင်းနဲ့အတူ သွင်းဂိုး ၁၉၉ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လက်စတာစီးတီးအသင်းအတွက်သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ဗာဒီနဲ့ ၄၄ မိနစ်မှာ အရီတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ လက်စတာစီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဗာဒီဟာ ယခုဘောလုံးရာသီကုန်မှာ လက်စတာစီးတီးအသင်းကနေ ထွက်ခွာတော့မှာဖြစ်ပြီး တိုက်စစ်မှူး ဗာဒီအနေနဲ့ လက်စတာစီးတီးအသင်းမှာ ၁၃ နှစ်ကြာ ပါဝင်ကစားပေးခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိအချိန်မှာ လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ်ကနေ တန်းဆင်းသွားရပြီဖြစ်ပေမယ့် တိုက်စစ်မှူး ဗာဒီကတော့ လက်ကျန်ပွဲစဉ်တွေမှာ ဂိုးထပ်မံသွင်းယူနိုင်ခဲ့မယ်ဆိုရင် လက်စတာစီးတီးအသင်းနဲ့ သွင်းဂိုး ၂၀၀ အထိ ရှိလာဖို့လည်းရှိနေတာဖြစ်ပါတယ်။





# ပလိုင်းမောက်အသင်းကို အနိုင်ရပြီး လိဒ်ယူနိုက်တက်အသင်း ချန်ပီယံရှစ်ဖလားဆွတ်ခူး

ချန်ပီယံရှစ်ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် မေ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပလိုင်းမောက်အသင်းနဲ့ လိဒ်ယူနိုက်တက်အသင်းတို့ပွဲစဉ်မှာ လိဒ်ယူနိုက်တက်အသင်းက ပလိုင်းမောက်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံရှစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပလိုင်းမောက်အသင်းနဲ့ လိဒ်ယူနိုက်တက်အသင်းတို့ပွဲစဉ်မှာ လိဒ်ယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး လိဒ်ယူနိုက်တက်အသင်းဟာ ပလိုင်းမောက်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ရာသီသိမ်းချိန်မှာ ရမှတ် ၁၀၀ အထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။

ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးချိန်မှာ လိဒ်ယူနိုက်တက်အသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက ဘန်လေအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းဟာ ယခုဘောလုံးရာသီမှာ ချန်ပီယံရှစ်ပွဲစဉ် ၂၉ ပွဲအထိ နိုင်ပွဲရရှိခဲ့တာဖြစ်ပြီး နိုင်ပွဲအများဆုံးရယူနိုင်ခဲ့တဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးချိန်မှာ လိဒ်ယူနိုက်တက်အသင်းနဲ့ ဘန်လေအသင်းတို့က ပရီမီယာလိဂ်ကို တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်း၊ ဆန်းဒါးလန်းအသင်း၊ ကိုဗင်ထရီအသင်းနဲ့ ဘရစ္စတိုးစီးတီးအသင်းတို့ကတော့ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိရေး play-off ကစားရဖို့ရှိနေတာလည်းဖြစ်ပါတယ်။

# ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရပြီး ဘာစီလိုနာအသင်း ဇယားထိပ်၌ လေးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်

ဘာစီလိုနာအသင်းဟာ ဗယ်လာဒိုးလစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ လေးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဗယ်လာဒိုးလစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်ဗယ်လာဒိုးလစ်အသင်းက ပထမပိုင်းပွဲကစားချိန် ခြောက်မိနစ်မှာ အီဗန်ဆန်းချက်ဇ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပါတယ်။

**အနိုင်ရရှိ**

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ဘာစီလိုနာအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်မှာ ရာဖင်ဟာက တစ်ဂိုး၊ မိနစ် ၆၀ မှာ ဖာမင်လိုပက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့လို့ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဖာမင်လိုပက်ဇ်ကတော့ ယခုဘောလုံးရာသီမှာ စပိန်လာလီဂါသွင်းဂိုး လေးဂိုးအထိရှိလာခဲ့ပြီး ရာဖင်ဟာကတော့ လာလီဂါသွင်းဂိုး ၁၆ ဂိုးအထိရှိလာခဲ့တာလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗယ်လာဒိုးလစ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် စပိန်လာလီဂါပွဲစဉ် ၁၃ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အပြင် ၁၅ ပွဲအထိ ရှုံးပွဲမရှိအောင်လည်း ယှဉ်ပြိုင်ကစားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဒါ့ပြင် ဘာစီလိုနာအသင်းအနေနဲ့ ဗယ်လာဒိုးလစ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံး ၁၉ ပွဲမှာလည်း ၁၇ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။



# အီတလီစီးရီးအေဖလားရရှိရန် နီးစပ်လာပြီဖြစ်တဲ့ နာပိုလီအသင်း



နာပိုလီအသင်းဟာ မေ ၃ ရက်ညပိုင်းက လက်ချီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ လက်ချီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့်အီတလီစီးရီးအေဆုဖလားကို ရရှိဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

နာပိုလီအသင်းဟာ လက်ချီအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အီတလီစီးရီးအေ ပွဲစဉ်(၃၅) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယား ဒုတိယနေရာက အင်တာမီလန်အသင်းကို သုံးမှတ်အထိ ဖြတ်ထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ နာပိုလီအသင်းဟာ ဘောလုံး ရာသီ သုံးရာသီအတွင်း အီတလီစီးရီးအေ ဆုဖလားကို ဒုတိယအကြိမ် ရယူဆွတ်ခူးနိုင်ခွင့်နဲ့လည်း နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

နာပိုလီအသင်းနဲ့ လက်ချီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာတော့ နာပိုလီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာ ရက်စ်ပါဒိုရီက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းကတော့ ဗီရိုနာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့်အီတလီစီးရီးအေဆုဖလားကို ရယူဆွတ်ခူးနိုင်ဖို့အတွက်တော့ ထပ်မံရုန်းကန်ရဦးမှာလည်းဖြစ်ပါတယ်။

နာပိုလီအသင်းဟာ ၂၀၂၃ ခုနှစ်အတွင်းကလည်း အီတလီစီးရီးအေဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် နှစ်ပေါင်း ၃၀ ကာလအတွင်းမှာ ပထမဆုံးအကြိမ်ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ယခုတစ်ကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့ပါက ဘောလုံးရာသီ သုံးရာသီအတွင်း အီတလီစီးရီးအေ ဆုဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်တော့မှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ပြင်ဦးလွင်ကော်ဖီစီမံကိန်းမြေများ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန်ကျန်ရှိနေသူများသို့ အသိပေးကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်းမြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါစည်းကမ်း သတ်မှတ်ချက်နှင့်အညီ စာချုပ်ချုပ်ဆို၍ ခွင့်ပြုပေးခဲ့ရာ အချို့သောလုပ်ငန်းရှင်များသည် မိမိသဘောဆန္ဒအလျောက် ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်း အရှိန်မပျက်စေရေးရည်ရွယ်ကာ အထူးကိစ္စတစ်ရပ်အနေဖြင့် ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ခြင်းအား ခွင့်ပြုကြောင်း သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ပြင်ဦးလွင်ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်အရ ယခုအချိန်ထိတိုင်အောင် သတ်မှတ်အခွန်အခများအား တာဝန်မဲ့စွာဖြင့် ပေးဆောင်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်–

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် |
|---|---|---|---|---|---|
| (၁) | ဦးဇော်အောင် | ၉/ဝတန(နိုင်)၁၀၄၀၉၀ | (၂၀) | ဒေါ်ဝင်းဝင်းကြိုင် | ၉/မရတ(နိုင်)၁၀၆၇၃၈ |
| (၂) | ဦးခင်မောင်အေးပါ(၃)ဦး | – | (၂၁) | ဦးပြည့်ဖြိုးအောင် | ၉/မကန(နိုင်)၁၀၉၂၁၆ |
| (၃) | ဦးထွန်းရှင် | CJ–၀၃၉၅၁၅ | (၂၂) | ဦးသိန်းထွန်း | ၉/မရမ(နိုင်)၀၅၄၉၄၄ |
| (၄) | ဦးအောင်ကျော်ထွန်း | ၉/ရမရ(နိုင်)၀၀၀၆၄၄ | (၂၃) | ဒေါ်မေမြင့်မောင် | ၁၃/တကန(နိုင်)၁၄၀၂၉၈ |
| (၅) | ဦးထွန်းမောင် | – | (၂၄) | ဒေါ်အေးအေးဝင်း | ၅/အတန(နိုင်)၀၀၃၃၃၃ |
| (၆) | ဒေါ်နန်းနွတ် | ၁၃/ကတန(နိုင်)၀၁၇၆၁၁ | (၂၅) | ဒေါ်ခင်စိုးစိုးမျိုး | ၉/မမန(နိုင်)၀၁၃၄၉၀ |
| (၇) | ဦးကျော်စိုးဦး | – | (၂၆) | ဦးဘမို | – |
| (၈) | ဒေါက်တာသိမ်းငွေး | ၁၂/ဗဟန(နိုင်)၀၈၁၈၄၇ | (၂၇) | ဦးဇော်ဦးကျော် | ၁၂/မရက(နိုင်)၀၆၅၉၁၃ |
| (၉) | ဒေါ်ခင်ခင်ငွေး | – | (၂၈) | ဦးညွန့်ဝေ | – |
| (၁၀) | ဦးမောင်မောင်ကျော် | ၉/မရတ(နိုင်) ၀၃၂၃၃၉ | (၂၉) | ဒေါ်မြင့်မြင့်သိန်း | ၇/တငန(နိုင်)၀၁၃၇၀၀ |
| (၁၁) | ဦးကျော်နိုင်(ခ)ဦးအားဟွာ | ၉/မရတ(နိုင်)၁၀၇၂၅၇ | (၃၀) | ဒေါ်နီလာစိုး | – |
| (၁၂) | ဦးရောစုံ | ၉/မရတ(နိုင်)၁၀၅၀၃၄ | (၃၁) | ဒေါ်တင်ညိုလှိုင် | SCG–၀၀၁၆၃၆ |
| (၁၃) | ဦးထွန်းဝင်းလှ | ၁၂/အခန(နိုင်)၂၀၆၃၄၂ | (၃၂) | ဦးရှိန်ဝင်း | ၁၂/ဒဂန(နိုင်)၀၂၁၇၇၆ |
| (၁၄) | ဒေါ်သင်းသင်းဦး၊ | ၉/မနတ(နိုင်)၀၉၂၀၅၄ | (၃၃) | ဒေါ်မိမိခိုင် | ၁၂/အစန(နိုင်)၁၇၄၁၉၄ |
| (၁၅) | ဒေါ်ဝင်းကြည်(ခ)အန်းချင့် | ၁/မကန(နိုင်)၀၁၆၇၆၂ | (၃၄) | ဦးစိုးမင်းသန့် | – |
| (၁၆) | ဒေါ်ခင်သိန်းစိုး | NYG(N)၀၀၃၇၂၁ | (၃၅) | ဦးအောင်မြင့်စိုး | ၁၃/တကန(နိုင်)၁၁၈၁၁၉ |
| (၁၇) | ဒေါက်တာကျော်မင်းဦး | ၉/မနမ(နိုင်)၀၄၃၄၁၄ | (၃၆) | ဦးငွေးလှ | ၈/ရနခ(နိုင်)၀၅၆၆၆၄ |
| (၁၈) | ဒေါ်အေးမြင့်ခိုင် | ၁၂/မရက(နိုင်)၀၃၅၈၆၀ | (၃၇) | ဦးကျော်မင်း | ၇/ညလပ(နိုင်)၀၉၉၀၇၅ |
| (၁၉) | ဒေါ်ခိုင်သဇင်အုန်း | ၁၂/မရက(နိုင်)၀၃၅၈၆၁ | (၃၈) | ဦးဝင်းမောင် | ၉/ပဥလ(နိုင်)၀၀၉၃၄၂ |
| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် |
| (၃၉) | ဦးကျော်စိုးဦး | ၁၂/ဗဟန(နိုင်)၀၁၇၄၀၇ | (၄၄) | ဒေါ်ရင် | ၉/မမန(နိုင်)၀၁၉၆၃၃ |
| (၄၀) | ဒေါ်ခိုင်ပြည့်စုံကြိုင် | ၁၂/လသန(နိုင်)၀၂၁၅၆၉ | (၄၅) | ဦးသောင်းနိုင်ဦး | ၇/ပခက(နိုင်)၀၀၁၁၁၆ |
| (၄၁) | ဦးအောင်ခိုင် | ၅/မဂန(နိုင်)၀၀၀၃၇၂ | (၄၆) | ဒေါ်ခင်ဆွေဦး | ၁၃/လရန(နိုင်)၀၇၉၈၅၀ |
| (၄၂) | ဒေါ်ကျိန်ချင်ခွင်း | ၁၃/ကခန(နိုင်)၀၃၈၄၆၅ | (၄၇) | ဦးအောင်နိုင် | ၉/မနတ(နိုင်)၀၀၈၆၇၅ |
| (၄၃) | ဦးရဲမြင့် | ၁၃/ရစန(နိုင်)၀၁၀၄၆၅ | | | |

၃။ သို့ဖြစ်၍ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန်ကျန်ရှိသူများအနေဖြင့် ၁၆–၅–၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ကြရန်နှင့် ပေးဆောင်မှု မရှိပါက မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါသည်။

၄။ ရောင်းခွန်၊ ဝယ်ခွန်ပေးဆောင်ရန်ကျန်ရှိနေသေးသော လုပ်ငန်းရှင်စာရင်းအား ဆက်လက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး စုံစမ်းမေးမြန်းလိုသည်များရှိပါက ခရိုင်ဦးစီးမှူး၊ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန(ဖုန်း၊ ၀၉–၄၄၄၀၂၂၆၁၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## အားကစားနှင့်ကာယပညာဦးစီးဌာန
## အားကစားကွင်း/အားကစားရုံဌာနခွဲ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် Third Party (QC Team) ငှားရမ်း ဆောင်ရွက်ရန် လုပ်ငန်းအတွေ့အကြုံရှိ လိုင်စင်ရကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်–

(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် – ၅–၅–၂၀၂၅ မှ ၂၃–၅–၂၀၂၅ ထိ

( ခ ) တင်ဒါပုံစံနောက်ဆုံး – ၂၃–၅–၂၀၂၅
တင်သွင်းရမည့်နေ့ရက် ညနေ(၄:၃၀)နာရီထိ

( ဂ ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့်– ဝဏ္ဏသိဒ္ဓိတင်းနစ်အားကစားရုံ၊
ပြန်လည်တင်သွင်းရမည့်နေရာ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အားကစားကွင်း/အားကစား ရုံဌာနခွဲ၊ ဖုန်း ၀၉–၆၉၆၉၃၂၀၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာ၊ ရွာလယ်လမ်းမကြီး၊ အမှတ်(မူလပိုင်ရှင် ကိုဝေယံထွန်း/ခ) ပေ(၂၀x၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုပြောဆိုသူ ကိုဝေယံထွန်း [၁၂/လကန(နိုင်)၂၄၂၂၀၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမြတ်ထွေး[၁၂/သဃက(နိုင်)၁၈၆၄၉၂]သည် ၃–၅–၂၀၂၅ ရက်နေ့က ရွာလူကြီး အသိသက်သေလူကြီးမင်းများ ရှေ့မှောက်တွင် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

အဆိုပါအရောင်း/အဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်ဖြစ်ကြောင်း ထပ်ဆင့်အတည်ပြုကာ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စုမြတ်ထွေး** **ဒေါ်ပန်းဝါ (L.L.B, D.M.L)**
**[၁၂/သဃက(နိုင်)၁၈၆၄၉၂]** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၄၈)**
**အမှတ်(၈၁၁)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၁၁၅၅၇၁၊ ၀၉–၉၅၅၄၅၈၃၃၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၈၁

ဒေါ်အေးမြတ်မွန်အောင် နှင့် ၁။ ဒေါ်သီသီဝင်း
၂။ ဦးမြင့်လွင်
( တရားလို ) ( တရားပြိုင် )

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်–၁၄၃၄ နေ (၁)တရားပြိုင် ဒေါ်သီသီဝင်း နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၆၉၈)နေ (၂)တရားပြိုင် ဦးမြင့်လွင် (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအား အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ( ၈ )ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်)မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၂၄ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချုံကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၆၀

ဦးအောင်လွင် နှင့် ဦးအောင်ချစ်
( တရားလို ) ( တရားပြိုင် )

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်ဘောဂ(၁)လမ်း၊ အမှတ်(၉၉၇)နေ တရားပြိုင် ဦးအောင်ချစ် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက " ပဋိညာဉ်အတိုင်းအိမ်နှင့်မြေအား အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ( ၈ )ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ နံနက်(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ချုံကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ ကာယ(၃)လမ်း၊ အမှတ် (၂၆၃)၊ မြေတိုင်းရပ်ကွက်အမှတ် (ဉာဏ)၊ မြေကွက်အမှတ် (၁/၅၁)၊အကျယ်အဝန်း (၂၀'× ၉၀') အကျယ်ရှိ ဦးဖြူချေ အမည်ပေါက်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် စီမံချက်ဖြင့်ဂရန်လျှောက်ထားခွင့်ရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဖြူချေ (၁၀/ရမန(နိုင်)၀၆၃၄၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ်နှင်းနှလွင်**
**(LL.B, D.B.L, D.I.L)** **(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၆၁)** **အထက်တန်းရှေ့နေ (စဉ်–၅၃၁၁၄)**

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၀၁၆၀၂၈၀၀၊ ၀၉–၈၈၃၀၂၈၀၉၆

## "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်မိုး [၁၁/မပတ(နိုင်) ၀၂၅၀၉၃]သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅H)၊ မြေကွက်အမှတ်–(၁၀၀)ဟုခေါ်တွင်သော အကျယ် (၂၀x၄၀)ပေရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့အား တရားဝင် ပိုင်ဆိုင်သူဖြစ်သော "ဒေါ်လီလီမြင့် [၁/မညန(ပြု)၀၀၀၀၂၄]"ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဥ္ဇာသိန်း (LL.B) (စဉ် – ၁၄၅၉၈)** **ဒေါ်ပွင့်သူဇာ(LL.B) (စဉ်–၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ လိမ္မော်ခြံကျေးရွာအုပ်စု၊ ပိုက်လုံးစုကျေးရွာ၊ ကွင်းအမှတ် (၇၄၉)၊ ဦးပိုင်အမှတ် (N/39)၊ ညောင်လေးပင်ကွင်း မြေလုပ်ကိုင်သူ ဦးဖြိုးထက်ဝေအမည်ဖြင့် ဧရိယာ (၂.၁၇)ဧက၊ ဥယျာဉ်ခြံမြေ အမျိုးအစား၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဖြိုးထက်ဝေ [၁၂/ရပသ(နိုင်)၀၆၅၃၂၁]က တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသွယ်ထွန်း [၉/ဝတန(နိုင်)၁၄၅၆၆၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါ ဥယျာဉ်ခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသွယ်ထွန်း [၉/ဝတန(နိုင်) ၁၄၅၆၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဥ္ဇာဦး(LLB, CBL, DBL)(DL – 101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၈၃)**
**အမှတ်–၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်–၇၂၃** ဟုခေါ်တွင်သော(၄၀'x ၆၀')အကျယ်အဝန်းရှိ မြေကွက်မှာ နှစ်(၆၀) ဂရန်မြေအမျိုးအစားဖြစ်ကြောင်း၊ ထိုဧရိယာထဲမှ တရားဝင်မခွဲစိတ်ရသေးသော(၂၀'x ၆၀')ရှိ(မြေကွက်အမှတ်–၇၂၂နှင့် ကပ်လျက်)အား **ဦးဇော်မင်းနိုင်[၁၂/သဃက (နိုင်)၂၂၅၁၇၂]**မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်မိတ်ဆွေ **ဒေါ်သဲမြတ်ဖြူ[၁၄/ညတန(နိုင်) ၁၁၉၅၃၉]**က ဝယ်ယူရန် သဘောတူသဖြင့် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သဲမြတ်ဖြူ[၁၄/ညတန(နိုင်)၁၁၉၅၃၉]၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဇင်မာအောင် (LL.B., D.B.L., D.M.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၂၃/၁၄–၃–၂၀၁၇)**
**အမှတ်–၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၅၀၀၆၁၃၀၀၊ ၀၉–၉၅၃၃၂၂၇၀၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁)၊ မြေကွက်အမှတ်(၈၃၇)၊ အကျယ်(၄၀x၆၀)ပေရှိ ဦးအုန်းမြင့် အမည်ပေါက်သည့် တရားဝင်မခွဲ စိတ်ရသေးသော နှစ်(၆၀)ဂရန် မြေကွက်ကြီးထဲမှ (ခေါင်းရင်းဘက်) အကျယ်(၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းမင်းဦး+၁ [၁၂/ဒလန(နိုင်)၀၄၄၇၀၀]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ" (စဉ်–၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09–420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ငထွေရှူးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်(၁၁၀၁)၊ အကျယ်(၂၅x၅၀)ပေရှိ ဦးမြင့်စိုး အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲမြင့် [၉/ကပတ(နိုင်)၁၄၀၂၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေ ထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ" (စဉ်–၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။ Ph:09–420088970**

## ဒေါ်ထွေးရီ
**အလယ်တန်းပြ(ငြိမ်း)၊ ထ(၁)သံဖြူဇရပ်**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၁၂)လမ်း၊ အမှတ်(၁၃)မြေညီနေ(ဦးလူပိန်-ဒေါ်နှင်းစိန်)တို့၏ ချစ်လှစွာသော သမီးထွေး၊ (ဒေါ်အုန်းကျင်)၊ ဒေါ်မလုံး၊ ဒေါ်မလှရွှေ၊ ဒေါ်ကျင်ရွှေ၊ ဦးချစ်ညိမ်း-ဒေါ်အုန်းခင်၊ ဒေါ်စန်းရီတို့၏ ညီမ၊ (မောင်သန်းဝင်း)၏ အစ်မ၊ ဦးမိုးကြည်၏ ချစ်လှစွာသော ဇနီး၊ မောင်ထက်အောင်လှိုင်(3/E Ocean Majesty)၏ ချစ်လှစွာသောမိခင်သည် ၃-၅-၂၀၂၅ရက် နံနက် ၄:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။(ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၂၅ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မျိုးအောင် (ဘိုကလေး)
## B.E(E.P)
## အသက်(၄၈)နှစ်

အင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်) အသက်(၄၈)နှစ်သည် ၃-၅-၂၀၂၅ရက် မွန်းလွဲ ၂:၀၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၅၃၊ မြေကွက်အမှတ်-၁၉၅၄/၁၉၅၅ ဟုခေါ်တွင်သော အလျား (၆၀)ပေ x အနံ (၈၀)ပေရှိ အကျယ်အဝန်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နိုင်ငံတော်မှ တရားဝင်ထုတ်ပေးထားသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အမျိုးအစားဖြစ်ပြီး လက်ရှိထားပိုင်ဆိုင်သူ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညွှန့်ညွှန့်စိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ခိုင်မှ အထက်ဖော်ပြပါ မြေကွက်အား အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေ ညာစာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဉ္ဇာအေးမွန် အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၅)**
**(မ-၅၉၁)၊ ယုဇန(၄)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**Ph:09-43094804**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၂၁/ဘီ)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၈ ၁/၂)ထပ်(Lift ပါ)တိုက်၏ Penthouse အခန်း၊ အကျယ်အဝန်း(အလျား ၃၃ ပေxအနံ ၅၅ ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်သန္တာထွန်းအောင်[၁၄/ဘကလ(နိုင်)၁၈၄၅၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းထက်ဝေ[၈/ပဖန(နိုင်)၁၁၀၂၄၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ အောင်သုခလမ်း၊ မြေကွက်အမှတ်-၂၄၇၊ ဧရိယာအကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိသောနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ၂ထပ်တိုက်(၁)လုံး၊ ၁ထပ်အိမ်သေး (၁)လုံး၊ Aircon (၄)လုံး၊ 15 KV မီးအားမြှင့်စက် (၁)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးညွှန့်ဝင်း (ဘ) ဦးသူရဲ(ခ)သန်းထွန်း ၊ မှတ်ပုံတင်အမှတ်[၁၂/ဥကတ(နိုင်) ၂၁၇၃၀၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူ ရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း LL.B, LL.M အထက်တန်းရှေ့နေ(စဉ်-၂၅၃၇၄) (၂၀၀၇)**
**အမှတ်(၇၈)၊ အခန်းအမှတ်(၇၀၄)၊ ၆ လွှာ၊ Golden River Residence၊**
**မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၆၄၂၀၇၅၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်စန်းစန်းငွေး
**ဒုတိယညွှန်ကြားရေးမှူး အလုံခရိုင်စာရင်းစစ်ရုံး**
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်-၁၄၀/၂၈လမ်းနေ (ဦးမောင်မောင်တင်-ဒေါ်လှကြည်)တို့၏ သမီးကြီး၊ ဒေါ်စန်းစန်းအေး(အမက-၁၀ ဒဂုံ)၊ ဦးကိုကိုနိုင်၊ ဦးသိန်းနိုင်၊ ဦးငွေးနိုင်၊ ဦးမျိုးနိုင်၊ (မစန်းသီတာထွေး)တို့၏ အစ်မကြီး ဒေါ်စန်းစန်းငွေးသည် ၂-၅-၂၀၂၅ ရက် နံနက် ၈:၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေး ကဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ဒေါ်ခင်ဆွေဝင်း[၁၂/လမန(နိုင်)၀၀၁၀၇၅]နှင့် ဦးအေးမြင့် [၁၂/ကတတ(နိုင်)၀၁၉၃၂၁]တို့သည် (၁၅-၁၁-၂၀၀၆)ရက်စွဲမှစ၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ် ထိမ်းမြားလက်ထပ်ပြီး သားတစ်ဦးဖွားမြင်ခဲ့ကြပါသည်။ (၂၉-၇-၂၀၁၉) ရက်နေ့တွင် ဦးအေးမြင့် ကွယ်လွန်ခဲ့ပြီးနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးအေးမြင့်၊ ဒေါ်တင်လှ၊ ဦးအောင်စိန်တို့ (၃)ဦးအမည်ပေါက်သည့် အမှတ်-၁၄၁၊ ဆရာစံလမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်ရှိ မြေဧရိယာ(၁. ၁၁၇)ဧက အနက်မှ ဦးအေးမြင့်၏ မြေပိုင်ဆိုင်မှုအစုကိုလည်း ဒေါ်ခင်ဆွေဝင်းက မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်လာကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မြင့် (LL.B) — အထက်တန်းရှေ့နေ (စဉ်-၅၁၁၂၉)**
**ဒေါ်အိဖြူလွင် [ LL.B, D.B.L] — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၈၇)**
**အမှတ်(၄၈၀)၊ အောင်မင်းခေါင်လမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၈၇၉၉၁၇၀၊ ၀၉-၄၂၁၀၄၂၉၄၈**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၃-ရပ်ကွက်၊ ပဲခူးလမ်းသွယ်(၃)လမ်း၊ အမှတ်(၂၂၉/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀'x၆၀')ရှိ ဒေါ်နီ(BH-၀၁၆၈၄၂)အမည်ပေါက် ပါမစ်မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အုန်းသန်း [၁၂/ရပသ(နိုင်)၀၀၄၉၅၉]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေတွဲ ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ကုန်းဘောင်လမ်း၊ အမှတ်(၃၄၅)၊ ဦးခင်အုန်း အမည်ပေါက်ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဝင်းကျော်ကျော်ဗိုလ်[၁၂/ဒဂရ(နိုင်)၀၁၀၉၅၀]မှ အဆင့်ဆင့်သောအရပ်ကတိစာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပါမစ်မူရင်းနှင့်အဆင့်ဆင့်သောအရပ်ကတိစာချုပ်တို့သည် စစ်မှန်သည် ကို တာဝန်ယူပါကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်နန်း မြင့်မြင့်စိုး[၁၃/ကမန(နိုင်)၀၂၃၈၆၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းမြင့်မြင့်စိုး ၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူးမြို့နယ်၊ ကျေးရွာအမည်-မကျီးကန်၊ ကွင်းအမှတ်(၃၀၃)၊ ကွင်းအမည်-တောရကျောင်းကွင်း၊ ဦးပိုင်အမှတ်(N၁၁၁)၊ ဧရိယာအကျယ်အဝန်း(၉.၀၄)ဧကရှိ ကော့မှူးမြို့နယ် မြို့မြေစာရင်းတွင် ဦးသန်းထွန်း [၁၂/ကမန(နိုင်)၀၃၀၁၈၆] အမည်ပေါက် ချထားပေးသော ဥယျာဉ်ခြံမြေ ဖြစ်ပါသည်။ အဆိုပါဥယျာဉ်ခြံမြေအား မူလပိုင်ရှင် ဦးသန်းထွန်းထံမှ ဦးမင်းဇော်ဦး က (၇-၁-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူ ဥယျာဉ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်းနှင့် တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဇော်ဦး [၁၂/ကမန(နိုင်)၀၇၂၀၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်စုံထွန်း[၆/ပလန(နိုင်)၁၀၆၉၀၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဥယျာဉ်ခြံမြေအား လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံ သော စာချုပ်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့် အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းယုရွှေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၃၆)**
**အမှတ်(၂၀၄)၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
**ကျောက်ဖြူမြို့၊ ယပ်လှဲဆရာတော်ကြီး**
## ဘဒ္ဒန္တစက္ကိန္ဒ
**(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)**
## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ယပ်လှဲကျောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ (ယခင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)ဖြစ်တော်မူသော ဘဒ္ဒန္တစက္ကိန္ဒ မဟာထေရ်မြတ်ကြီးသည် ၁-၅-၂၀၂၅ရက် မွန်းလွဲ ၁:၄၄ နာရီ တွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်ကို မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ နွယ်သာကီလမ်း၊ ၁၁ရာရပ်ကွက်ရှိ ရတနာမာရ်အောင်တောရဓမ္မရိပ်သာ (မြောက်ဦးဆရာတော်ကျောင်း)၌ အပူဇော်ခံထားရှိပြီး ၆-၅-၂၀၂၅ရက် နံနက် ၅:၄၀နာရီတွင် စင်းလုံးငှားလေယာဉ်ခရီးစဉ်ဖြင့် ကျောက်ဖြူမြို့သို့ ပင့်ဆောင်မည်ဖြစ်ကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ/ဒါယိကာမများ
ရန်ကုန်မြို့

## ဦးဇော်မျိုးအောင် (အင်ဂျင်နီယာမှူးကြီး)
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**အသက်(၄၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ ဦးဇော်ဝင်း-ဒေါ်သောင်းအေး (ဇော်မျိုးအောင် လျှပ်စစ်ပစ္စည်းဆိုင်)တို့၏ သားကြီး၊ ဦးဝင်းကြိုင်-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဦးအောင်ကိုဦး (မြိတ်မြို့နယ်၊ စည်ပင်သာယာရေးကော်မတီ)-ဒေါ်အေးအေးအောင်၊ ဦးအောင်မြတ်ထွဋ်-ဒေါ်ဝင်းနန္ဒာမြင့်တို့၏အစ်ကို၊ မောင်ကောင်းထက်ဟိန်း၊ မချိုထက်ဇင်၊ မဖြူသဲခိုင်တို့၏မွေးသဖခင်၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂၆၉)နေ ဒေါ်ဝင်းသော်တာထွေး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးဇော်မျိုးအောင်သည် ၃-၅-၂၀၂၅ ရက် (စနေနေ့) မွန်းလွဲ ၂:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၅-၅-၂၀၂၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၀၀ နာရီတွင် လယ်ဝေးမြို့၊ စမ်းကလေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

(နေပြည်တော်၊ ခုတင် ၁၀၀၀ ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီအချိန်တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## Raymond အာကာခ
## အသက်(၃၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ပြည်သူ့လမ်းနေ (ဦးမောင်မောင်ခဆွေ)-ဒေါ်အေးအေးစိုးတို့၏ ချစ်လှစွာသော သား၊ မကေခိုင်ခ @ Olivia ၏ မောင်၊ ဦးပေါ်လွင်စိန်-ဒေါ်ခင်မီမီဝင်း တို့၏ သားသမက်၊ မရတနာခိုင် @ Wendy ၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ Raymond အာကာခ သည် ၄-၅-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၅ ရက် (အင်္ဂါနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

MOEE
YESC
လျှပ်စစ်ကြိုးများကို သံဇကာ၊ သွပ်မိုး၊ သံထည်ပစ္စည်းစသည့် လျှပ်ကူးပစ္စည်းများနှင့် ထိတွေ့၊ ချည်နှောင်၊ သွယ်တန်း သုံးစွဲခြင်းမပြုရ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...**
❖ **နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများပိုမိုရရှိစေမည်ဖြစ်...**
❖ **ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိ** စာမျက်နှာ » ၁၅

**အင်္ဂါလေးတန်နှင့် ညီညွတ်စွာ စကားပြောဆိုပါ** စာမျက်နှာ » ၂၃

**မွေးကင်းစ နှလုံးရောဂါကို ဝက်နှလုံးဖြင့် ယာယီအစားထိုးနိုင်မည်** စာမျက်နှာ » ၂၅

**ပလိုင်းမောက်အသင်းကို အနိုင်ရပြီး လိဒ်ယူနိုက်တက်အသင်း ချန်ပီယံရှစ်ဖလား ဆွတ်ခူး** စာမျက်နှာ » ၂၇


## ဆယ်လ်တာဗီဂိုအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ဆက်လက်ရပ်တည်


ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆယ်လ်တာဗီဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဆယ်လ်တာဗီဂိုအသင်းတို့ မေ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဆယ်လ်တာဗီဂိုအသင်းတို့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်မှာ ဂူလာကတစ်ဂိုး၊ ၃၉ မိနစ်နဲ့ ၄၈ မိနစ်တို့မှာ အမ်ဘတ်ပီကနှစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ ဆယ်လ်တာဗီဂိုအသင်းအတွက် သွင်းဂိုးတွေကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၆၉ မိနစ်မှာ ဂျာဗီရိုဒရီဂွက်ဇ်ကတစ်ဂိုး၊ ၇၆ မိနစ်မှာ ဆွိဘတ်ကတစ်ဂိုးအသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂

## MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) တွင် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် Dagon Port တို့အနိုင်ရပြီး ရန်ကုန်ရှိုင်ရယ်အသင်း နှစ်ပွဲဆက် သရေကစား



ရှမ်းယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် မေ ၄

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) ပထမနေ့ကို မေ ၄ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် Dagon Port တို့ အနိုင်ရပြီး ရန်ကုန်ရှိုင်ရယ်အသင်း နှစ်ပွဲဆက်သရေကစားနိုင်ခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်း၏ ရုန်းကန်မှုနှင့် ခပ်မာမာတုံ့ပြန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်း ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီး သွင်းဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့❖

## FIFA-MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၄

FIFA–MFF ယူ–၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇)ကို မေ ၄ ရက်က ရန်ကုန်မြို့ရှိ တောင်ဒဂုံမိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ■


Avengers Junior အသင်းနှင့် TKA Stars အသင်းတို့ ယှဉ်ပြိုင်နေစဉ်။